# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကိုအပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိအား မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့ သဘောထား၍ ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏၊ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ စနေနေ့။ Saturday, 9 September 2023 ၁၁၂၁၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ လူငယ်သီတင်းပတ် အခမ်းအနားကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ လူငယ်သီတင်းပတ် (Youth Week) အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

လူငယ်သီတင်းပတ်ပွဲတော်တွင် ကာယဗလအတွက် အေရိုးဗစ်အားကစားပြိုင်ပွဲကျင်းပခြင်း၊ စာရိတ္တဗလနှင့်ပတ်သက်၍ မြန်မာစာဌာနမှ ဒေါက်တာရွှေဇင်အောင်က သိမှတ်ဖွယ်ရာ နီတိအဖြာဖြာဟောပြောခြင်း၊ ဘောဂဗလနှင့်ပတ်သက်၍ အောင်မြင်ကြီးပွား လူငယ်စကားအစီအစဉ်တွင် လူငယ်စီးပွားရေးပညာရှင် ဦးပြည့်စုံအောင်က အတွေ့အကြုံများကို ပြန်လည်ဟောပြောခြင်းနှင့် ကျောင်းသားကျောင်းသူများ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်အပန်းပြေစေနိုင်ရန် ဈေးရောင်းပွဲတော်ကျင်းပပေးခြင်း စသည့်ဗလငါးတန်ဖွံ့ဖြိုးရေး ကျင်းပခဲ့ကြောင်း ခေတ္တပါမောက္ခချုပ် ဒေါက်တာဖြူဖြူအိက ပြောကြားသည်။

အဆိုပါ မိတ္ထီလာစီးပွားရေးတက္ကသိုလ် လူငယ်သီတင်းပတ် အခမ်းအနားကို စက်တင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၈

| | | |
|---|---|---|
| ရေး | ၆ ဒသမ ၉၃ | လက်မ |
| ဝ | ၅ ဒသမ ၈၃ | လက်မ |
| ကျောက်ဖြူ | ၄ ဒသမ ၅၇ | လက်မ |
| သံတွဲ | ၄ ဒသမ ၂၁ | လက်မ |
| ကျိုက္ခမီ | ၃ ဒသမ ၇၄ | လက်မ |
| ကလေး | ၃ ဒသမ ၆၇ | လက်မ |

## ယနေ့

### တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားမှ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်




ဆောင်းပါး စာမျက်နှာ » ၆


### ၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား ကျင်းပ


စာမျက်နှာ » ၁၀


### နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပ


စာမျက်နှာ » ၃


### ၂၀၂၃ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်းဆိုင်ရာ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ


စာမျက်နှာ » ၁၂





# ကြေးမုံ

## သတိပြုဆန်းစစ်ရမည့် လူမှုကွန်ရက်များ

လူမှုကွန်ရက်ဆိုသည်မှာ လူအချင်းချင်း ဆက်သွယ်အသုံးပြုကြသည့် မျက်နှာစာများဖြစ်သည်။ လူသားများအကျိုးအတွက် နည်းပညာရှင်များက စတင်တီထွင်ဖန်တီးခဲ့ကြသော်လည်း နောက်ပိုင်းတွင် လူတို့၏သဘာဝအရ ကောင်းကျိုးနှင့်ဆိုးကျိုးများ အတူယှဉ်တွဲဖြစ်ပေါ်လာသည်။ လက်ရှိတွင် အဓိကကျသည့် လူမှုကွန်ရက်တစ်ခုဖြစ်သည့် ဖေ့စ်ဘွတ်အသုံးပြုသူ သန်းတစ်ထောင်ကျော်ရှိသည်။ အင်စတာဂရမ်နှင့်တွစ်တာအသုံးပြုသူ သန်းရာနှင့်ချီရှိသည်။ အခြားလူမှုကွန်ရက်အသုံးပြုသူ သန်းပေါင်းများစွာရှိသည်။

လူမှုကွန်ရက်စတင်တည်ထောင်ချိန်က လူတို့၏ ကိုယ်ပိုင်ပို့စ်တင်ရန်၊ ဓာတ်ပုံနှင့်အချက်အလက်များ မျှဝေရန်ရည်ရွယ်ခဲ့သည်။ ယခုအခါ လူအများကြားကောင်းကျိုး၊ ဆိုးကျိုးများ စည်းရုံးလှုံ့ဆော်ရန်နှင့် အသုံးချနိုင်ရန် ပြုလုပ်လာကြသည်။ ကမ္ဘာကြီးတွင် ဖြစ်ပေါ်နေသော အကြောင်းအချက်များစွာနှင့် လုပ်ဆောင်မှုများစွာရှိခဲ့ကြသော်လည်း လူမှုကွန်ရက်ပေါ်ပေါက်လာသည့်အချိန်မှစ၍ ကမ္ဘာတစ်ခွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိလာနိုင်သည်။ ထို့ကြောင့် လူမှုကွန်ရက်ပေါ်မှ အချက်အလက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာလူမှုကွန်ရက်လုပ်ငန်းများသာမက သုံးစွဲသူများကပါ သတိပြုကာကွယ်ကြဖို့လိုမည်ဖြစ်သည်။

လူမှုကွန်ရက်များကို အနောက်နိုင်ငံများ အထူးသဖြင့် အမေရိကန်နိုင်ငံမှ တီထွင်သူများဖန်တီးခဲ့ကြသော်လည်း ၎င်းတို့အကျိုးစီးပွားများကို ထိခိုက်မှုများရှိလာသဖြင့် ထိန်းချုပ်တားဆီးနိုင်ရန် ကြိုးစားလာကြသည်။ ယခုအခါ ဥရောပသမဂ္ဂသည် ဒစ်ဂျစ်တယ်ဈေးကွက်တွင် မျှတသည့်ယှဉ်ပြိုင်မှုများ ဖြစ်ပေါ်စေရန်အတွက် နည်းပညာကုမ္ပဏီကြီးခြောက်ခုကို ဥပဒေအရ စည်းကမ်းတင်းကျပ်သွားမည်ဟု သိရသည်။ ဒစ်ဂျစ်တယ်ဈေးကွက်ဥပဒေဖြင့် လာမည့်နှစ်မစတင်ပြီး နည်းပညာကုမ္ပဏီများဖြစ်သည့် အယ်လ်ဖာဘတ်၊ အမေဇုန်၊ အက်ပဲလ်၊ တစ်တော့ခ်၊ မက်တာနှင့် မိုက်ခရိုဆော့ဖ်တို့ကို စည်းကမ်းတင်းကျပ်သွားမည်ဖြစ်သည်။

အနောက်နိုင်ငံမှ နည်းပညာလုပ်ငန်းများသည် မူလက အများပြည်သူအကျိုးအတွက် ဦးတည်သည်ဟုဆိုခဲ့သော်လည်း ၎င်းတို့အကျိုးစီးပွားနှင့် ၎င်းတို့နိုင်ငံများ၏ အကျိုးစီးပွားများကို ရှေးရှုခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ စီးပွားရေးမျက်နှာစာတွင်သာမက နိုင်ငံရေးမျက်နှာစာတွင်ပါ အခြားနိုင်ငံများ၏ အကျိုးစီးပွားများ ထိခိုက်လာခဲ့သည်ကိုတွေ့ရမည်ဖြစ်သည်။ စီးပွားရေးကဏ္ဍ၌ ၎င်းတို့မီဒီယာပလက်ဖောင်းများတွင် မျှဝေသည့်အခါ ၎င်းတို့၏ အကျိုးစီးပွားနှင့်စပ်လျဉ်းသည့် ထုတ်ကုန်များကိုသာ ဦးစားပေးခဲ့ကြသဖြင့် ငွေပေးချေမှုစနစ်ကို အသုံးပြုသည့် အက်ပလီကေးရှင်းဆော့ဖ်ဝဲရေးသားသူများအား ဖိအားပေးတင်းကျပ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ဥပဒေချိုးဖောက်သည့်ကုမ္ပဏီများသည် ကမ္ဘာအနှံ့ ၎င်းတို့၏နှစ်စဉ်ဝင်ငွေ ၁၀ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်ဖြစ်သည်။ စည်းကမ်းသစ်များအနေဖြင့် ၎င်းနည်းပညာကုမ္ပဏီကြီးများ၏ ဈေးကွက်လွှမ်းမိုးနိုင်မှုကို အခွင့်ကောင်းယူ၍ သုံးစွဲသူများအပေါ် မမျှတသည့်အခြေအနေဖြစ်ပေါ်မှုကို တားဆီးနိုင်လိမ့်မည်ဟု အီးယူကမျှော်လင့်ထားသည်။ အနောက်နိုင်ငံကြီးများအနေဖြင့် ၎င်းတို့၏အကျိုးစီးပွားထိခိုက်မှုအပေါ်တွင် ဤသို့ တုံ့ပြန်မှုများပြုလုပ်ခဲ့သော်လည်း အခြားဖွံ့ဖြိုးဆဲနိုင်ငံများ၊ နိုင်ငံငယ်များ၊ မူဝါဒမတူသော နိုင်ငံကြီးများနှင့်ပတ်သက်၍ လျစ်လျူရှုထားသည်ကိုတွေ့ရမည်ဖြစ်သည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံကြီးများသည်ပင် လူမှုကွန်ရက်၏ ဘေးထွက်ဆိုးကျိုးများမှ ရုန်းမထွက်နိုင်သည့်အခြေအနေများကို တွေ့ရမည်ဖြစ်သည်။ လူမှုကွန်ရက်ကို အသုံးချနိုင်မှုကြောင့် စီးပွားရေး၊ လူမှုရေးသာမက နိုင်ငံရေးတွင်ပင် ထိခိုက်နစ်နာမှုများ ကြုံတွေ့နေရသည်။ လူ့အသိုက်အဝန်းများကြား ထိခိုက်မှုများအပြင် ပဋိပက္ခဖြစ်မှုများပါ ကြီးထွားလာသဖြင့် အချို့နိုင်ငံများအနေဖြင့် တားဆီးပိတ်ပင်ထိန်းချုပ်မှုများကို ပြုလုပ်လာကြသည်။ လူမှုကွန်ရက်ပေါ်တွင် သတင်းတု၊ သတင်းမှားများနှင့် တာဝန်ယူမှုမရှိသော အချက်အလက်များ ကြီးထွားလာသည့်အန္တရာယ်များရှိလာသည်။ ဖေ့စ်ဘွတ်သည် သတင်းတုများနှင့်သတင်းများပုံဖျက်ရန် ကြိုးပမ်းမှုများကိုဝန်ခံခဲ့ပြီး သတင်းတုတိုက်ဖျက်ရေးအတွက် အင်အားဖြည့်တင်းကာ တုံ့ပြန်ချေဖျက်ရန် ပြောကြားထားသော်လည်း ဘီလီယံနှင့်ချီသော လူမှုကွန်ရက်သုံးစွဲသူများနှင့် နိုင်ငံများ၏စိုးရိမ်မှုအပေါ် အာမခံချက်မပေးနိုင်သေးပေ။

မြန်မာနိုင်ငံတွင်လည်း လူမှုကွန်ရက်အသုံးပြုနှုန်း တစ်ရှိန်ထိုးမြင့်မားနေဆဲဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ကာကွယ်စောင့်ရှောက်ရာတွင် လူမှုကွန်ရက်များကို မကျော်လွှားနိုင်သေးပေ။ လူမှုကွန်ရက်များကို အသုံးချခြင်းကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာများတွင် ထိခိုက်မှုများရှိနေဆဲဖြစ်သည်။ ခြိမ်းခြောက်မှု၊ အနိုင်ကျင့်မှု၊ အမုန်းစကားများ၊ သတင်းမှားများဖြင့် နယ်ပယ်အသီးသီးတွင် ထိခိုက်နစ်နာမှုများဖြစ်ပေါ်အောင် ဆောင်ရွက်မှုများကို ရင်ဆိုင်နေရဆဲဖြစ်သည်။ သို့ဖြစ်ရာ ဒစ်ဂျစ်တယ်နည်းပညာသည် ကမ္ဘာကြီးကို လျင်လျင်မြန်မြန် ပြောင်းလဲတိုးတက်လာစေနိုင်သည်မှာမှန်သော်လည်း လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းများကြား ကောင်းကျိုးနှင့်အတူ ဆိုးကျိုးဖြစ်လာနိုင်သည်များကို နည်းပညာဖြင့် ကာကွယ်တားဆီးရေးသာမက အသုံးပြုသူများကလည်း အသိတရားဖြင့် သတိထားနိုင်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

## မိုင်းဖြတ်မြို့၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကျင်းပ

**မိုင်းဖြတ် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက အလက(ခွဲ)၂၂၁ ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးဇော်က လူငယ်စကားဝိုင်းများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်ဝေသန်းက ဗလငါးတန်နှင့် ပြည့်စုံကြွယ်ဝသည့် လူငယ်များပေါ်ထွန်းလာစေရေးအတွက် မိဘ၊ ဆရာ၊ ကျောင်းသားနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း ပြောကြားသည်။



ထို့နောက် အလက(ခွဲ)၂၂၁ ကျောင်းမှ Grade-9 (စနစ်သစ်) ကျောင်းသား ကျောင်းသူများက “လူငယ်နှင့် ပညာရေး”၊ “လူတော်ဖြစ်အောင်ကြိုးစား လူကောင်းဖြစ်အောင်ကျင့်ကြံ”၊ “ခေတ်သစ်လူငယ်များနှင့်အနာဂတ်”၊ “ဗလငါးတန်ပြည့်စုံသော လူငယ်မောင်မယ်များ” စသည့်ခေါင်းစဉ်များဖြင့် လူငယ်စကားဝိုင်းကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းသိကောင်းစရာများ၊ လူကုန်ကူးမှု အန္တရာယ်အကြောင်း သိကောင်းစရာများနှင့် စာအုပ်စာစောင်ပြပွဲကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် အမှတ်(၂) ရပ်ကွက် “ရွှေရှင်း” ဟိုတယ်၏ အရှေ့ဘက်လမ်းအား ကတ္တရာလမ်းအဖြစ် ကိုယ့်အားကိုယ်ကိုး အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမိုင်းဟသ်ာထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစဉ်။ မင်းလွင်ဦး(ပြန်/ဆက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ကြည်နှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက မအူကုန်းရပ်ကွက် ဖားကူးကျောင်းတိုက်အတွင်း/အပြင်နှင့် လမ်းဘေးဝဲ၊ ယာတို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အောင်ဆင့်



## လေးမျက်နှာမြို့၌ ငါးမျိုးများ စိုက်ထည့်ပေး

**လေးမျက်နှာ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက လေးမျက်နှာမြို့ ခတ္တာကျေးရွာအုပ်စု ထူပါရုံစေတီတော်မြတ်ကြီးအနီး ငဝန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ယင်းသို့ငါးမျိုးစိုက်ထည့်ရာတွင် နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၅၀၀၀၀ တို့ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၅၉၂ | ၅,၃၂၈,၀၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၅၀ | ၅,၁၉၃ | ၁၆,၃၄၉,၉၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၁၀၀ | ၇၅၀,၀၀၀ |
| FPB | ၁,၆၅၀ | ၁,၇၀၀ | ၁၇၀ | ၂၈၅,၅၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၂,၂၅၀ | ၂,၂၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၀ | ၉၈,၀၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၁၀၀ | ၁၈၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အဋ္ဌမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းသမ္မတအကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး မစ္စတာအန်တွန်ကို ဘရာကော့၏ ဖိတ်ကြားမှုအရ စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပမည့် အဋ္ဌမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်



ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဌာနများမှတာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ်တို့ လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီ၏ (၄/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ပြောကြား**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဇွန် ၁၂ ရက်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် အခြေခံစားသုံးကုန်စည်များ တိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က "ဒေသတွင်း အသား၊ ငါး လိုအပ်ချက်များ ရှိနေခြင်းကြောင့် ကုန်ဈေးနှုန်းကြီးမြင့်နေသည့်အပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်၍ ဒေသအလိုက် စားရေးကို အဓိက အထောက်အကူပြုစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ပေးထားပြီးဖြစ်သဖြင့် ထိရောက်စွာ အသုံးချရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စားရေးလိုအပ်ချက်ကို လုံလောက်စွာထုတ်လုပ်၍ ရောင်းလိုအားနှင့် ဝယ်လိုအား မျှတမှုရှိစေရေး ဦးစားပေးဆောင်ရွက် ရန်လိုကြောင်း" တို့ကို လမ်းညွှန် မှာကြားခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဩဂုတ် ၂၆ ရက်မှ ၂၇ ရက်အထိ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို သွားရောက်စစ်ဆေးခဲ့သည့် ခရီးစဉ်တွင်လည်း "နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများအား စနစ်တကျထုတ်ပေးပြီး ပြန်လည်ကောက်ခံခြင်းများကိုလည်း အလေးထားဆောင်ရွက်ရန်" လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ထုတ်ပေးထားသည့် ငွေကျပ် ၄၅၂ ဘီလီယံအနက် ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ ထုတ်ချေးပြီးစီးမှုမှာ ငွေကျပ် ၂၈၂ ဒသမ၂၇၈ ဘီလီယံဖြစ်ကြောင်း၊ သို့ဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် ချေးငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ထိရောက်စွာထုတ်ချေးပေးရန်နှင့် ချေးငွေများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ထုတ်ချေးခြင်းနှင့် ပြန်လည်ကောက်ခံခြင်းများကို ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ ရန်ပုံငွေမှထုတ်ပေးထားသည့် အရင်းမပျောက် မတည်ငွေများကို မပျောက်ပျက်စေဘဲ တိုးပွားလာစေရန်နှင့် အကျိုးရှိစွာ စနစ်တကျ အသုံးချနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ဆက်လက်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ထောက်ပံ့ငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့် ဘဏ္ဍာရေးစည်းမျဉ်းများပြင်ဆင်ရေး၊ ရခိုင်ပြည်နယ်အစိုးရက တင်ပြသည့် ဆိုင်ကလုန်း မိုခါတိုက်ခတ်မှုကြောင့်ခေတ္တရပ်ဆိုင်းထားခဲ့သော ချေးငွေထုတ်ချေးခြင်းလုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ချေးငွေပမာဏသတ်မှတ်ချက် ကျော်လွန်၍ ထုတ်ချေးထားသော ချေးငွေများကိုချေးငွေစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရေးကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ကော်မတီအဖွဲ့ဝင်များက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ နွေစပါး၊ ပဲတီစိမ်း ချေးငွေထုတ်ချေးခဲ့မှုနှင့် ပြန်လည်ကောက်ခံရရှိမှု၊ မိုးစပါးချေးငွေထုတ်ချေးပြီးစီးမှု၊ ဆီစက်လုပ်ငန်းဖွံ့ဖြိုးရေး ချေးငွေထုတ်ချေးထားမှု၊ ဆောင်းသီးနှံချေးငွေ အချိန်မီထုတ်ချေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု၊ ချေးငွေများထုတ်ချေးရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ ချေးငွေထုတ်ချေးရေး လုပ်ငန်းစဉ်များအား ကြီးကြပ်ဆောင်ရွက်ရေးနှင့် ပြန်လည်သုံးသပ်ရေးကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ငူမြို့၌ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာဥပဒေ အသိပညာပေးသင်တန်း ဖွင့်လှစ်

**တောင်ငူ စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဇေယျာသီရိ မိဘမဲ့အမျိုးသမီးကလေးငယ်များဖွံ့ဖြိုးတိုးတက်ရေး ပရဟိတဂေဟာ၌ ယနေ့နံနက် ၉ နာရီတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးသင်တန်းဖွင့်လှစ်သည်။

ဦးစွာ တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ကိုယ်စားအဖွဲ့ဝင် ဒေါ်ခိုင်ခိုင်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီရွှေက ကလေးသူငယ်အခွင့်အရေးဆိုင်ရာများကို ဟောပြောဆွေးနွေးပို့ချသည်။ အဆိုပါ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ အသိပညာပေးသင်တန်းသို့ ဇေယျာသီရိ မိဘမဲ့အမျိုးသမီးငယ်များဖွံ့ဖြိုးတိုးတက်ရေး ပရဟိတဂေဟာမှ အမျိုးသမီးငယ် ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၃/၂၀၂၂) သင်တန်းဆင်းပွဲတက်ရောက်



**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၁၃/၂၀၂၂) ရဲဗလတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

**ဆုများ ပေးအပ်ချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း ထက်ထက်စိုး(၁)၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ရဲထက်အောင်၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အေးအေးသင်း၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း စောချာလီနှင့် ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ထက်ထက်စိုး(၁)တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ သင်တန်းဆင်း ဒုတိယ ရဲအုပ်လောင်းများအနေဖြင့် တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည့်သူများ ဖြစ်သည့်အတွက် ခေါင်းဆောင်မှု အရည်အသွေးများကို ကောင်းစွာသိရှိနားလည်ပြီး အဆင့်ဆင့်ကွပ်ကဲအုပ်ချုပ်မှုများကိုလည်း စည်းကမ်းတကျဖြင့် တိုးတက်အောင်မြင်အောင် ဦးဆောင်သွားကြရမည် ဖြစ်ကြောင်း၊ တိုးတက်ပြောင်းလဲနေသည့် မျက်မှောက်ခေတ်ကာလတွင် ပြည်သူများဘဝအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရေး အတွက် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆိုသည့် ရည်မှန်းချက်တာဝန် (၄)ရပ်ကို အလေးထား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်များသည် ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အတွက် ပြည်သူနှင့်အတူလက်တွဲပြီး ထိရောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်နေရသလို နယ်စပ်ဒေသများတွင်ပါ လုံခြုံရေးကို ဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိရမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်၊ အမိန့်နာခံတတ်သည့်စိတ်ဓာတ်ရှိရန် လိုအပ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကကျခြင်းကြောင့် ပြည်သူလူထုအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းအသိပညာပေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီး ပြစ်မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းလက်တွဲ၍ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိသည့် လုပ်ငန်းအစီအစဉ်များကိုချမှတ်ပြီး အခက်အခဲများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကာ မူးယစ်ဆေးဝါးပပျောက်သည်အထိ တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်အရေးယူရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း စိတ်အားထက်သန်စွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အမျိုးသမီးရဲအရာရှိများအနေဖြင့်လည်း မိမိတို့ရောက်ရှိတာဝန်ထမ်းဆောင်ကြရမည့် လက်တွေ့နယ်ပယ်တွင် လေ့ကျင့်သင်ကြားပျိုးထောင်ပေးလိုက်သည့် ပညာရပ်များကိုအခြေခံပြီး လက်တွေ့ဘဝနှင့် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်**

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များလိုက်နာရမည့် အစဉ်အလာကောင်း(၁၂)ရပ်တွင် ပါရှိသည့် **"နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်"** ဟူသည့် အချက်နှင့်အညီ တပ်မတော်နှင့်အတူ လက်တွဲ၍ လက်ရှိနိုင်ငံတော်၏ အခြေအနေကို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၁၃) ရဲဗလတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား၂၀၄ ဦး၊ တပ်တွင်းဘွဲ့ရ အမျိုးသမီး ၁၄၃ ဦး စုစုပေါင်း ၃၄၇ ဦး တို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ပြည်သူများနှင့် တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ပြည်သူများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

**အထူးအလေးထား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းစေရေး၊ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို အထူးအလေးထားကာ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးအတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဦးတည်ချက် (၉)ရပ်ချမှတ်ပြီး နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် ပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ လူငယ်လူရွယ်များ ပညာရည်မြင့်မားလာအောင် ဆောင်ရွက်ပေးခြင်းဖြင့် အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေးကို ပြည်သူများအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉)ရပ်အပေါ် ကယားပြည်နယ်အနေဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

**တင်ပြ**

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများက လွိုင်ကော်မြို့အတွင်း တိုးမြှင့်ပြုပြင်ဆောင်ရွက်ပေးစေလိုသည့် လမ်း/အဆောက်အအုံဆိုင်ရာကိစ္စ၊ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာများ၊ အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်မှုရှိပြီး ဖြန့်ဖြူးရောင်းချရေးဆိုင်ရာကိစ္စနှင့် ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရေးကိစ္စရပ်များကို တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်းနှင့် ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတို့ကို ကြည့်ရှုစစ်ဆေး





**နေပြည်တော် စက်တင်ဘာ ၈**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဦးစွာ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် သင်တန်းခန်းမ၌ ဗဟိုလေ့ကျင့်ရေးကျောင်းနှင့် ဒဂုံမြို့သစ် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဝင်းအတွင်းရှိ စားရိပ်သာများ၊ အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ သင်တန်းခန်းမဆောင်၊ စာကြည့်တိုက်၊ ဆောက်လုပ်ဆဲ လေးထပ်အိပ်ဆောင်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဝန်ထမ်းအိမ်ရာ မြေလွတ်နေရာများတွင် ဆောင်ရွက်လျက်ရှိသည့် Green House များနှင့် ငါးကန်တွင် ငါးမွေးမြူထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိရာ ခရိုင်ကြီးကြပ်ရေးမှူးက ဂိုဒေါင်အတွင်း သိုလှောင်ထားရှိသည့် ယန္တရားကြီးများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ ထောက်ပံ့ရေး ပစ္စည်းများ၏ အခြေအနေများ၊ လေပြင်းတိုက်ခတ်မှုကြောင့် ယန္တရားသိုလှောင်ရုံများ ချို့ယွင်းမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ယာဉ်၊ ယန္တရားကြီးများ၏ ထိန်းသိမ်းထားရှိမှုနှင့် ကြံ့ခိုင်မှုတို့ကို စစ်ဆေး၍ ဝန်ထမ်းမိသားစုဝင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသည့် ရာသီသီးနှံစိုက်ခင်းများ၊ ကြက်ခြံနှင့် ငါးမွေးမြူရေးကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည့် နှစ် (၃၀) ပြည့် အခမ်းအနားနှင့် (၁၄) ကြိမ်မြောက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၈**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည့် နှစ် (၃၀) ပြည့် အခမ်းအနားနှင့် (၁၄) ကြိမ်မြောက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သော ကိုယ်စားလှယ်လေးဦး တက်ရောက်ခဲ့သည်။

**ဆွေးနွေး**

စက်တင်ဘာ ၄ ရက် ညနေပိုင်းတွင် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Xu Datong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် Bilateral တွေ့ဆုံပြီး နှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတင်းအချက်အလက်ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နေမှုပိုမိုမြင့်တင်ရေး၊ ပရီကာဆာခဓာတုပစ္စည်းများ နယ်စပ်ဒေသများမှ တရားမဝင်လမ်းလွဲဝင်ရောက်မှု မရှိစေရေး ပူးပေါင်းထိန်းချုပ်ရေး၊ အွန်လိုင်းအသုံးပြု လိမ်လည်သည့်မှုခင်းများ တိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၆ ရက်တွင် (၁၄)ကြိမ်မြောက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့်အစည်းအဝေးကို ကျင်းပရာ မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့် UNODC တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး Mr. Wang Xiaohong က သဘာပတိအဖြစ်ဆောင်ရွက်ပြီး မဲခေါင်အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြရာ မြန်မာကိုယ်စားလှယ်ခေါင်းဆောင် ဒုတိယဝန်ကြီး ရဲချုပ်က မဲခေါင်ဒေသခွဲအတွင်း ယခင်က ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုသည် အဓိကပြဿနာတစ်ရပ် ဖြစ်ခဲ့သော်လည်း ယခုအခါ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုသည် ပိုမိုကြီးထွားကျယ်ပြန့်လာခဲ့ပြီး Happy Water အမည်ရှိ စိတ်ပြောင်းဆေးဝါးများ ရောစပ်သုံးစွဲမှု အခြေအနေမှာလည်း နေ့စဉ်နှင့်အမျှ မြင့်တက်နေသည်ကို ဖမ်းဆီးရမိမှု ဖြစ်စဉ်များအရ တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုများလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေး၊ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေရေးဟူသော ကဏ္ဍ (၅) ရပ် ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကိုလည်း စနစ်တကျစီမံချက်ချမှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဘိန်းစိုက်ပျိုးမှု လျော့နည်းပပျောက်စေရေးအတွက် ရှမ်းပြည်နယ်အတွင်း ရေရှည်တည်တံ့သော အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးရောယှက်မှုကင်းရှင်းသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကိုသာ ဦးတည်ဆောင်ရွက်လျက်ရှိပြီး မည်သည့်နိုင်ငံ၊ အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း၊ ဒေသတွင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို UNODC အပါအဝင် မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့်အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေး၌ မဲခေါင်အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်ခေါင်းဆောင်များက ဒေသတွင်း မူးယစ်ဆေးဝါးအခြေအနေများနှင့် မဲခေါင်ဒေသခွဲ လုပ်ငန်းစီမံချက်(၁၁) (၂၀၁၉-၂၀၂၂) အပေါ် အကောင်အထည်ဖော်နိုင်ခဲ့မှုအခြေအနေများ၊ မဲခေါင်ဒေသခွဲ လုပ်ငန်းစီမံချက်(၁၂) (၂၀၂၃-၂၀၂၅) အပေါ် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ ပေကျင်းကြေညာစာတမ်း၊ မဟာမဲခေါင်ဒေသခွဲအတွင်း လူလုပ်မူးယစ်ဆေးဝါးပြဿနာ ပူးပေါင်းတိုက်ဖျက်ရေးအတွက် တရုတ်နိုင်ငံ၏ အဆိုပြုလုပ်ငန်းစဉ်တို့နှင့်ပတ်သက်၍ အတည်ပြုဆွေးနွေးမှုများ၊ ၂၀၂၅ ခုနှစ်တွင် ဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**လှည့်လည်ကြည့်ရှု**

အစည်းအဝေးအပြီးတွင် မဲခေါင်နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့သည့် နှစ် (၃၀) ပြည့် အထိမ်းအမှတ်အဖြစ် ပြသထားသည့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး Mr. Wang Xiaohong က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်၍ အမှတ်တရလက်ဆောင်များ အပြန်အလှန် ဖလှယ်ခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင်လိုက်ပါသွားသည့်မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၅ ရက်တွင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး ရဲမှူးချုပ်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ အနာဂတ်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများနှင့် UNODC ကိုယ်စားလှယ်တို့က မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ထုတ်ပြန်မည့် မဲခေါင်ဒေသခွဲ လုပ်ငန်းစီမံချက်(၁၂) (၂၀၂၃-၂၀၂၅)၊ ပေကျင်းကြေညာစာတမ်း၊ တရုတ်နိုင်ငံ၏ အဆိုပြု လုပ်ငန်းစဉ်တို့ကို အတည်ပြုနိုင်ရေး ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ပေကျင်းမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားမှ ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိမည်

မောင်ငြိမ်းအေး

ပညာသည် လူ၏တန်ဖိုးဖြစ်သည်။ ပညာသည် ဆီမီးတိုင်ပမာဝန်းကျင်တစ်ခုလုံးကို အလင်းရောင်ပေးနိုင်သည်။ "ပညာရွှေအိုး လူမခိုး"ဆိုသကဲ့သို့ ပညာသည် ရွှေအိုးပမာ မပျောက်မပျက် အကျိုးရှိအောင်အသုံးပြုနိုင်သည်။ ပညာ၏တန်ဖိုးမှာ များပြားသည်။ ပညာဖြင့် အရာရာကို ပိုင်းခြားဆင်ခြင် အလင်းဆောင်နိုင်သည်။ "ပညာမတတ်လျှင် အကန်း"၊ "စာတတ်ပြီး စာမဖတ်လျှင် ပြတင်းပေါက်ရှိလျက် မဖွင့်သောအိမ်" နှင့်တူသည်ဟု သတင်းစာဆရာကြီးတစ်ဦးဆိုသကဲ့သို့ အရာအားလုံးသည် အမှောင်အတိ ဖုံးနေမည်ဖြစ်သည်။



ပညာကိုငယ်စဉ်ကတည်းက ကြိုးစားသင်ကြားရသည်။ ပညာတတ်ပြီးလျှင်လည်း စာဖတ်ခြင်းဖြင့် အသိဉာဏ်ပညာဗဟုသုတများ တိုးပွားအောင် ကြိုးစားအားထုတ်သင့်သည်။ ထို့ကြောင့် နိုင်ငံတိုင်းနိုင်ငံတိုင်းသည် နိုင်ငံသားများ စာတတ်အောင်၊ ပညာတတ်အောင် ကြိုးစားအားထုတ်နေကြသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံပြီး နိုင်ငံကို မြှင့်တင်နေကြသည်။ ပညာရည်မြင့်မားသောနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်လာကြပြီး ပညာရည်နိမ့်ကျသော နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသည်ကို တွေ့ရမည်ဖြစ်သည်။ လူတိုင်းလူတိုင်း ပညာတတ်မြောက်ပြီး ပညာဖြင့် ထိုလူတို့၏ ဘဝပတ်ဝန်းကျင်ကို တိုးတက် တောက်ပြောင်လာအောင် ဖန်တီးနေကြသည်။

**ပညာတတ်လိုစိတ်များ**

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုနိမ့်ကျနေသေးသည်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာတတ်မှု၊ ပညာတတ်မှု၊ စာဖတ်မှုနည်းပါးနေသေးသောကြောင့်ဟုဆိုနိုင်သည်။ ပညာရေးနှင့်ပတ်သက်၍ မြို့ပေါ်နေပြည်သူများအပြင် ကျေးလက်ပြည်သူများ၊ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာတတ်မြောက်ရန်လိုအပ်သည်။ ရှေးယခင်က မြန်မာနိုင်ငံတွင် အရေး၊ အဖတ်၊ အတွက် "အ" သုံးလုံးသင်တန်းများ ပေးခဲ့ဖူးသည်။ အောင်မြင်မှုများရရှိပြီး ကမ္ဘာတွင် စံပြပုံစံဖြင့် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ "အ"သုံးလုံး သင်တန်းများမှတစ်ဆင့် စာပေကို စိတ်ဝင်စားကာ ပညာတတ်လိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးလက်ဒေသတွင် အလယ်တန်းကျောင်း ၁၃၈၇၉ ကျောင်း၊ မူလတန်းကျောင်း ၂၁၅၅၀ ရှိသည်။ မြို့ပေါ်တွင် အလယ်တန်းကျောင်း ၁၆၂၆ ကျောင်း၊ မူလတန်းကျောင်း ၃၃၁၈ ကျောင်းရှိသည်။ အဆိုပါကိန်းဂဏန်းများအရ အလယ်တန်းကျောင်းများ၏ ကျေးလက်မြို့ပြအချိုးမှာ ၈ အချိုး ၁ ရှိပြီး မူလတန်းကျောင်းအချိုးမှာ ၆ ဒသမ ၅ အချိုး ၁ ရှိသည်။ မြန်မာနိုင်ငံ၏ ပျမ်းမျှမြို့ပေါ်နေလူဦးရေမှာ ၂၈ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်နေလူဦးရေမှာ ၇၂ ရာခိုင်နှုန်းခန့်ရှိသည်။ ကျေးလက်လူဦးရေ များပြားသဖြင့် ပညာရေးကဏ္ဍကို ကျေးလက်တွင် ပိုမိုမြှင့်တင်ပေးထားသည်။ သို့သော် ကျေးလက်နေပြည်သူများ၏ စာတတ်မြောက်မှုမှာ နည်းပါးပြီး မြို့ပေါ်နေပြည်သူများ၏ စာတတ်မြောက်မှုမှာ ပိုမိုများပြားသည်ကို တွေ့ရမည်ဖြစ်သည်။ အကြောင်းရင်းမှာ ကျေးလက်ဒေသတွင် ကျောင်းရှိသော်လည်း ကျောင်းနေ ရာခိုင်နှုန်း နည်းပါးခြင်းနှင့် ပညာကို ဆုံးခန်းတိုင်အောင်သင်ကြားမှု နည်းပါးနေသောကြောင့်ဖြစ်သည်။

**အားပေးဆောင်ရွက်မည်**

အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲ၊ ပညာရေးအားပေးမှု အားနည်းချက်နှင့် အခြားလူမှုစီးပွားဘဝ အခက်အခဲအမျိုးမျိုးတို့ကြောင့် ပြည်နယ်များရှိ ကျေးလက်ဒေသများတွင် ပညာရေးအားနည်းနေသည်ကို တွေ့ရသည်။ "ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာ၊ အတတ်ပညာများရှိရန်လိုကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်ရန် အမြဲမပြတ် တိုက်တွန်းအားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ တတ်မြောက်ရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေး အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၁-၉-၂၀၂၃ ရက်နေ့တွင် ကျင်းပသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၃)တွင် ပြောကြားခဲ့သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပညာရေးတွင် အားနည်းနေသည့် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရက ဦးစားပေးအားပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်လျက်ရှိသည်။ အဆိုပါစနစ်ကို အကောင်အထည်ဖော်ရာတွင် ဦးဆောင်သူ၊ လိုက်နာကျင့်သုံးသူအားလုံး အသိပညာ၊ အတတ်ပညာများ ရှိရန်လိုအပ်သည်။ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများပြီးမြောက်ရန်လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်ရန် အမြဲမပြတ် တွန်းအားပေးတိုက်တွန်းနေသည်။

**လက်တွေ့အကောင်အထည်ဖော်**

မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့သော်လည်း ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ အတန်းပညာကို ပြီးဆုံးအောင်သင်ကြားရေးတွင် အားနည်းချက်များရှိနေဆဲဖြစ်သည်။ လူမှုစီးပွားဘဝ အခက်အခဲအမျိုးမျိုးကြောင့် ပညာကို ပြီးဆုံးအောင် မသင်ကြားနိုင်ဘဲ အချိန်မတိုင်ခင် ကျောင်းထွက်လိုက်ရသည့် ရာခိုင်နှုန်းများနေသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ပညာတတ်များ နည်းပါးနေသည်။ ယင်းကို ခေတ်အဆက်ဆက် အစိုးရများက ကုစားနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ကျောင်းပြင်ပ ပညာရေးဖြင့် မူလတန်းပညာ KG+5 အထိ သင်ကြားပေးနိုင်အောင် တပ်မတော်အနေဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် သာဓကများရှိသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ငါးမြို့နယ်ဖြင့် စတင်ခဲ့သည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၁၂ မြို့နယ်၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် မြို့နယ် ၂၀၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၄၈ မြို့နယ်၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၇၃ မြို့နယ်၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် မြို့နယ် ၈၀၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၈၉ မြို့နယ်၊ ၂၀၁၅-၂၀၁၆ ခုနှစ် တွင် ၉၄ မြို့နယ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၁၀၄ မြို့နယ်အထိ တိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှစတင်၍ တိုးတက်မှု ပြန်လည်ကျဆင်းသွားသည်။ ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ အသက် ၅ နှစ်မှ ၁၆ နှစ်အတွင်း ပညာသင်ခွင့်မရသူ ၂ဒသမ၇သန်းရှိသည်ဟုသိရသည်။ ပညာရေးနှင့်ဝေးပြီး မူလတန်းပင်မပြီးဆုံးသော ကလေးငယ်များ၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာသင်ခွင့်မရသူ ကလေးများကို မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာနက ကျောင်းပြင်ပ မူလတန်းပညာရေး၊ ကျောင်းပြင်ပ အလယ်တန်းပညာရေးတို့ဖြင့် ပညာသင်ယူမှုအခွင့်အလမ်းများ ဆက်လက်ပေးလျက်ရှိသည်။

**ပညာရေးနိမ့်ကျမှု**

အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာ အလယ်တန်းအဆင့်သို့ တက်ရောက်ရန် အခက်အခဲရှိသူ ကလေးများနှင့် ပုံမှန်ကျောင်းများမှ အလယ်တန်းအဆင့် မပြီးမြောက်မီ ကျောင်းထွက်ခဲ့ရသောကလေးများဘဝကို ပညာသင်ယူမှုအခွင့်အလမ်းများ စဉ်ဆက်မပြတ်ပေးရန်လိုအပ်သည်။ ဤအစီအစဉ်ကို ဆက်လက် အကောင်အထည်ဖော်ခြင်းအားဖြင့် အခြေခံပညာအလယ်တန်းအဆင့်ပြီးမြောက်မည်။ အခြေခံပညာအထက်တန်းအဆင့်သို့ တက်ရောက်နိုင်မည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်မည်။ လူငယ်များ၏ ဘဝရှေ့ရေးအတွက် လက်တွေ့ကျကျ အထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသစ်ချမှတ်ထားသည့် ဦးတည်ချက် ၉ ရပ်၏ ပထမအချက်တွင် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များထွန်းကားလာရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး"ဟူသည့်အချက်ကို ချမှတ်ထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်၌ မြန်မာနိုင်ငံပညာရေးကဏ္ဍ နိမ့်ကျလျက်ရှိသည့် အခြေအနေကို ပြုပြင်ပြောင်းလဲ၍ အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ ပညာရေးနိမ့်ကျမှုသည် ပြည်သူများ၏ လူမှုစီးပွားဘဝ နိမ့်ကျမှုကို ဖြစ်ပေါ်စေသည်။ **စာမျက်နှာ ၇ သို့** ❂

**ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပညာရေးတွင် အားနည်းနေသည့် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရက ဦးစားပေးအားပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်လျက်ရှိသည်။ အဆိုပါစနစ်ကို အကောင်အထည်ဖော်ရာတွင် ဦးဆောင်သူ၊ လိုက်နာကျင့်သုံးသူအားလုံး အသိပညာ၊ အတတ်ပညာများ ရှိရန်လိုအပ်သည်။ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ ပြီးမြောက်ရန်လိုအပ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင် သထုံမြို့နယ်နှင့် ချောင်းဆုံမြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ

**မော်လမြိုင် စက်တင်ဘာ ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့သည် မွန်ပြည်နယ် အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ပေးရန် ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင် မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင် တို့သည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သထုံမြို့နယ်အတွင်းရှိ ကရင်နှင့် ပအိုဝ်း တိုင်းရင်းသားများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ဒေသအတွင်းရှိကရင် တိုင်းရင်းသား ကိုယ်စားလှယ် များက လျှပ်စစ်မီးရရှိရေး၊ တိုင်းရင်း သား စာပေသင်ကြားမှု ဖွံ့ဖြိုးရေး စသည့် လိုအပ်ချက်များကို တင်ပြ ဆွေးနွေးရာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်း မောင်က တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင် တို့သည် နောင်ကုလားကျေးရွာရှိ ပအိုဝ်းအမျိုးသား ဓမ္မဗိမာန် တော်၌ ပအိုဝ်းတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းရင်းသားတိုင်းရင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ချမှတ် အကောင်အထည်ဖော် ဆောင် ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပအိုဝ်းတိုင်းရင်းသား များက ဒေသလိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က တက်ရောက်လာ သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့် ပေါင်းစပ်ညှိနှိုင်းကာ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က ပအိုဝ်းအမျိုးသား ဗိမာန်တော် တည်ဆောက်နိုင်ရေး အတွက် အလှူငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ပအိုဝ်း စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူက လက်ခံရယူပြီး ဒေသထွက် အသီးအနှံနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ် ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့အား သထုံမြို့နယ်ရှိ တိုင်းရင်းသားပြည်သူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြစဉ်။

ဆက်လက်၍ သထုံမြို့ နန်းခဲ ရပ်ကွက် ရုံးကြီးလမ်းရှိ ပုဗ္ဗာရုံ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ခေမာ စာရအား ဖူးမြော်ကာ လှူဖွယ်ဝတ္ထု များ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့ သည် ကရင်ဝင်းစိန်ကျေးရွာ ကရင်စာပေယဉ်ကျေးမှုခန်းမ၌ ကရင်တိုင်းရင်းသား ပြည်သူများ နှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမှာစကား ပြောကြား၍ ဒေသခံများ၏ ဒေသ ဖွံ့ဖြိုးရေးလိုအပ်ချက်များ တင်ပြ မှုအပေါ် သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီး ဌာန ပြည်နယ်မှူးနှင့် ခရိုင် ပညာရေးမှူးတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ကရင်ဝင်းစိန် တောင်ပေါ်ကြီး ကျောင်းတိုက် ဆရာတော် ဦးဝိမလအား ဖူးမြော်ကြည်ညို ကာ ဆရာတော်ထံ လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် မော်လမြိုင်မြို့ မြစေတီစာသင် တိုက်ကြီးသို့ရောက်ရှိပြီး မြစေတီ စာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဝိနယပါဠိပါရဂူ အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်အား ဖူးမြော် ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဩဝါဒ ခံယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ချောင်းဆုံမြို့နယ်ရှိ တိုင်းရင်းသားပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

---

❂ စာမျက်နှာ ၆ မှ

စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်း များတွင် ကျွမ်းကျင်သည့် လူသားအရင်း အမြစ် နည်းပါးနေခြင်းသည်လည်း ပညာရေးနိမ့်ကျမှုကြောင့် ဖြစ်သည်။

### အဆင့်ဆင့်ဖော်ဆောင်

ထို့ကြောင့် KG+9 ပညာရေးစနစ် ကို အကောင်အထည်ဖော်ပေးခဲ့သည်။ အလယ်တန်းပညာ ပြီးဆုံးပြီးနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှု နည်းပညာများကို ခရိုင် ၅၀ ရှိ အခြေခံ ပညာအထက်ကျောင်း ၅၁ ကျောင်း တွင် ဆက်လက်သင်ကြားနိုင်အောင် ဖန်တီးပေးခဲ့သည်။ မူလတန်းပညာ၊ အလယ်တန်းပညာပြီးမြောက်သူများကို အထက်တန်းပညာသင်ယူချိန်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ပတ်သက်သည့် ကျွမ်းကျင်သူများဖြစ် အောင် သင်ကြားပေးလျက်ရှိသည်။ ထိုမှ တစ်ဆင့် ဘာသာရပ်အလိုက် ထူးချွန်သူ များအနေဖြင့် သက်ဆိုင်ရာသိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များတွင် ဆက်လက် ပညာဆည်းပူးနိုင်မည်ဖြစ် သည်။ နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသား ပြည်သူလူငယ်များ ကျွမ်းကျင်သူများ၊ ပညာတတ်များ၊ ပညာရှင်များဖြစ်အောင် ပညာရေးကဏ္ဍတွင် အဆင့်ဆင့် အကောင် အထည်ဖော်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းထွက်ကုန်ပစ္စည်း ပေါများ သော နိုင်ငံဖြစ်သည်။ နိုင်ငံရှိအရင်း အမြစ်များကို ထိရောက်စွာအသုံးချ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ မြင့်မား တိုးတက်လာအောင် ဆောင်ရွက်နိုင်ရန် အတွက် သက်ဆိုင်ရာပညာရပ်အလိုက် ကျွမ်းကျင်သူများ၊ ပညာရှင်များ မွေးထုတ် ပေးနိုင်အောင် အဆင့်ဆင့်ဆောင်ရွက် ပေးနေသည့် ပညာရေးကဏ္ဍမြှင့်တင် ပေးရခြင်း ရည်ရွယ်ချက်ကို ထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်သည်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ ကျသည့် ပညာရေးမြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်မှုများတွင် အားလုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

### ကောင်းမြတ်သောစေတနာ

မြန်မာနိုင်ငံတွင် အခြေအနေ အကြောင်း အမျိုးမျိုးကြောင့် စာတတ် မြောက်မှု၊ ပညာတတ်မြောက်မှုမှာ ကျေးလက်ဒေသများ၊ ဝေးလံသော တိုင်းရင်းသားဒေသများတွင် ပိုမိုနိမ့်ပါးနေ သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်ဒေသများ၏ လူမှုစီးပွားဘဝ များ နိမ့်ကျနေလျက်ရှိပြီး အထူးသဖြင့် တိုင်းရင်းသားဒေသအချို့တွင် လက်နက် ကိုင်ပဋိပက္ခများကြောင့် ဒေသခံတိုင်းရင်း သားပြည်သူများ ပညာရေးနှင့် ပိုမိုအလှမ်း ဝေးရသည့် အခက်အခဲများရှိနေသည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် တစ်နိုင်ငံလုံး စာတတ်မြောက်ရေး၊ ပညာတတ်ရေးသည် အရေးပါသောအချက်ဖြစ်သဖြင့် တိုင်းရင်း သားပြည်သူတစ်ရပ်လုံး စာတတ်မြောက် ရေး၊ ပညာတတ်မြောက်ရေးအတွက် ကောင်းမြတ်သော စေတနာများဖြင့် ဝိုင်းဝန်းဖြည့်ဆည်းပေးကြရမည်ဖြစ် သည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော် အစိုးရက နိုင်ငံအတွက် ကောင်းမြတ် သည့် ရည်ရွယ်ချက်၊ ခံယူချက်၊ စေတနာ များဖြင့် ဆောင်ရွက်နေသည့် ပညာရေး မြှင့်တင်မှုလုပ်ငန်းတွင် အားလုံး တက်ညီ လက်ညီ ကြိုးပမ်းဆောင်ရွက်ကြပါက အနာဂတ်ကာလတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသား ပြည်သူများ လူမှုစီးပွားဘဝမြင့်မား တိုးတက်လာကာ ပေါ်ထွန်းလာသည့် ပညာတတ်များ၊ ကျွမ်းကျင်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ စွမ်းပကားဖြင့် ရည်မှန်းချက်ပန်းတိုင် ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါ သည်။ ။

■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက်ဈေး၌ ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရေးနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်၍ ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်ပေါ်စေရေး ပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုဖြင့် ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးအဖွဲ့၊ ကချင်ပြည်နယ် ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်ကြီးများအသင်းနှင့် ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ရောင်းချသူတို့ပူးပေါင်း၍ ဒေသခံများအတွက် ပြင်ပပေါက်ဈေးနှုန်းထက် ပိုမိုချိုသာသော ဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် အမှတ် (၉)အခြေခံပညာအထက်တန်းကျောင်း ရွှေသွေးခန်းမ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စာတတ်မြောက်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းမှာကြားပြီး မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းက ၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားအတွက် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာအားဖတ်ကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန၏ စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု Video Clip ပြသမှုကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ၂၀၂၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပြည်နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး တိုင်းမှူးဗိုလ်မှူးချုပ် စိုးလှိုင်က အခမ်းအနားတွင် သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာဦးစီးဌာနမှ စာတတ်မြောက်ရေးလှုပ်ရှားမှု ပုံရိပ်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ခင်းကျင်းပြသထားသည့် သုတ/ရသစာအုပ်စာစောင်များနှင့် Mobile Library စာအုပ်စာစောင်ငှားရမ်းမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် အဆိုပါခန်းမ၌ ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာဦးစီးဌာန ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးနှင့် လူငယ်ကဏ္ဍတိုးတက်မြင့်မားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ပညာရေးမှူးနှင့် တက်ရောက်လာကြသည့် ကျောင်းအုပ်ကြီးများက ပညာရေးကဏ္ဍအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ကလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်ရှိ ဧရာဝတီမြစ်ကူးတံတား တံတားအမှတ် (၂/၄၈၄)၊ ဗလမင်းထင်တံတားအမှတ် (၂) ၃၂၁၂ ဒသမ ၀၉၉ ပေအရှည်ရှိ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအုပ်စု တန်ဘောင်ကျေးရွာအတွင်း ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ KEP Logistics Co.,Ltd သို့ သွားရောက်၍ ကချင်ပြည်နယ်မှ တစ်ဆင့် ပို့ကုန်/ သွင်းကုန် စီးပွားရေးလုပ်ငန်းများ၊ နယ်စပ်ကုန် စီးဆင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လိုအပ်ချက်၊အခက်အခဲများနှင့်စပ်လျဉ်း၍ တာဝန်ခံဦးအားဖူ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ဝိုင်းမော်-ကံပိုင်တည်နယ်စပ်ဂိတ်သွားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ လိုင်စင်မဲ့/ စည်းကမ်းမဲ့မော်တော်ယာဉ်ကြီးများ အရေးယူထိန်းချုပ်ကွပ်ကဲနိုင်ရေးနှင့် နယ်စပ်ကုန်စည်စီးဆင်းမှုများ ပိုမို ချောမွေ့စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကာ ကုန်တင်ကုန်ချဝင်းအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် မြစ်ကြီးနားမြို့ စက်မှုဇုန်ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ပံ့ပိုးပေးမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် ဖြိုးဝေဝေ စက္ကူနှင့် စာအုပ်ထုတ်လုပ်ငန်း သမဝါယမအသင်းလီမိတက်၌ ပျော့ဖတ်စက်အသစ်လည်ပတ်နေမှုနှင့် စက်ရုံထုတ်ကုန်ကြမ်းများ ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မြစ်ကြီးနားမြို့ ဗလမင်းထင်ဧ ၁၀၀ တင်း ၁၀၀ စံပြစိုက်ကွက်အတွင်း တပ်ကုန်းကွင်းနှင့် မန်ခိန်ကွင်းတို့အတွင်း မိုးစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆောင်းသီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးရေး သွင်းအားစုများ ပံ့ပိုးကူညီပေးထားမှု အခြေအနေများနှင့် မန်ခိန်ကွင်းအတွင်း တောင်သူများ၏ မိုးစပါးကြဲပက်နေမှုကို ကြည့်ရှုအားပေးကာ တပ်ကုန်းကွင်းအတွင်း အင်ဂျန်းခချောင်းပြန်လည်တူးဖော်ဆောင်ရွက်ထားရှိမှုနှင့် တောင်သူများအတွက် ငါးမျိုးစိုက်ထည့်ပေးထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသပြီး စမ်းသပ်မဲပေးခြင်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ရေဆင်းဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် Myanmar Electronic Voting Machine (MEVM) နှင့်စပ်လျဉ်း၍ ပြည်သူအများ သိရှိနားလည်မှု မြင့်တက်စေရန် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသို့သွားရောက်၍ လက်တွေ့သရုပ်ပြ ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် စမ်းသပ်မဲပေးခဲ့ကြသည့်မဲဆန္ဒရှင်များအနေဖြင့်အခက်အခဲမရှိအလွယ်တကူ ဆန္ဒမဲပေးနိုင်ခဲ့ကြသည်ကို တွေ့ရှိရသည်။

မဲပေးမှုနှင့်စပ်လျဉ်း၍ မျက်မြင်တွေ့ရှိရသည့်အတွက် စိတ်ချယုံကြည်မှုအပြည့်ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ လက်တွေ့ကျကျ ဆောင်ရွက်နိုင်ပြီး တရားမျှတသော၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ယနေ့ ကျင်းပသည့် ရှင်းလင်းဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲသို့ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အရာထမ်း၊ အမှုထမ်း ၃၆၆ ဦး တက်ရောက်ခဲ့ပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# စားသုံးဆီများကို သက်သာသောဈေးနှုန်းဖြင့်ရောင်းချပေး

**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်ရှိ " ကောင်းမြတ်ကြွယ်" ဆန်၊ ဆီပွဲရုံတွင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ အစီအစဉ်ဖြင့် စားသုံးဆီများကို စားသုံးသူများထံသို့ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိစေရန် ရည်ရွယ်၍ လူတစ်ဦးလျှင် ဆီ တစ်ပိဿာ ကျပ် ၄၅၀၀ နှုန်းဖြင့် ယနေ့နံနက် ၈ နာရီမှ စတင်ရောင်းချပေးသည်။

စားသုံးသူများ သက်သာချောင်ချိသော ဈေးနှုန်းများဖြင့် အလွယ်တကူ ဝယ်ယူရရှိစေရန် စားသုံးဆီများကိုစက်တင်ဘာ ၄ ရက်က ပီပါ ၁၅ လုံးဖြင့်တစ်ကြိမ်နှင့် ယနေ့တွင် ပီပါ ၁၅ လုံးကိုဒုတိယအကြိမ်အဖြစ် ရောင်းချပေးခြင်းဖြစ်၍ စားသုံးသူများပိဿာ ၃၀၀၀ ခန့်ကို သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူနိုင်ခဲ့ကြောင်း သိရသည်။

**ခင်မောင်မြင့်(ဇမ္ဗူသီရိ)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲနှင့် သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ရုံးအဆောက်အအုံ ပြင်ဆင်မွမ်းမံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးအဆောက်အအုံအား အကြီးစားပြင်ဆင်မွမ်းမံထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပညာ့အလင်း ခေတ်မီစာကြည့်တိုက်တွင် ကျောက်တံတား မြို့နယ် စာပေချစ်သူများအဖွဲ့မှ စာရေးဆရာများ စာပေစကားဝိုင်း၌ စာပေဆွေးနွေးနေမှုကို ကြည့်ရှု အားပေးစဉ်။

**ရန်ကုန် စက်တင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲနှင့် ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲနှင့် သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ရုံးအဆောက်အအုံ ပြင်ဆင်မွမ်းမံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ညွှန်ကြားရေးမှူး ဦးကျော်ဌေးက လုပ်ငန်းတာဝန်များခွဲဝေချထားမှု၊ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဩဂုတ်လအထိ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုထားရှိမှု၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မှာကြားရာတွင် နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို ဝန်ထမ်းများအားလုံး ယေဘုယျသိရှိကြမည်ဖြစ်ကြောင်း၊ ကမ္ဘာ့အခြေအနေနှင့် နိုင်ငံ့အခြေအနေတို့ကို အမြဲမပြတ်သိရှိလေ့လာထားကြရန်နှင့် ထုတ်ဝေစာများကို စိစစ်ဖတ်ရှုသုံးသပ်ကြရာတွင် နိုင်ငံရေးအမြင်ရှိရန်လိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းပြည်တည်ငြိမ် အေးချမ်းသာယာဝပြောရန်နှင့် စားရေရိက္ခာဖူလုံမှုရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသည် အရေးကြီးသည့်ဌာနတစ်ခုဖြစ်သည့်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ထုတ်ဝေစာများကို ဥပဒေနှင့်အညီ လာရောက်ပို့ဆောင်ပေးရန် သက်ဆိုင်ရာစာပေတိုက်များအား နှိုးဆော်ရမည်ဖြစ်သကဲ့သို့ ၎င်းတို့၏ ရေးသားဖော်ပြချက်များသည် ကျင့်ဝတ်၊ ဥပဒေနှင့်ညီညွတ်မှုရှိ/မရှိကိုလည်း ဖတ်ရှုသုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲရုံးကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပန်းဆိုးတန်းလမ်းရှိပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲနှင့် သုတေသနနှင့်သတင်းအချက်အလက်ဌာနခွဲရုံးအဆောက်အအုံသို့ ရောက်ရှိပြီး ပညာ့အလင်းခေတ်မီစာကြည့်တိုက်တွင် ကျောက်တံတားမြို့နယ် စာပေချစ်သူများအဖွဲ့ (Book Club)မှ စာရေးဆရာများ စာပေစကားဝိုင်း၌ စာပေဆွေးနွေးနေမှုနှင့် ကလေးများစာပေဖတ်ရှုနေမှု၊ ရုပ်ပုံများရေးဆွဲနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နှစ် ၉၀ ကျော် သက်တမ်းရှိပြီဖြစ်သည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအဆောက်အအုံအား အကြီးစားပြင်ဆင်မွမ်းမံထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှေးဟောင်းအဆောက်အအုံများ ပြင်ဆင်ရမည့် နည်းလမ်းများနှင့်အညီ ပြင်ဆင်ခွင့်တင်ပြခွင့်ပြုချက်ရယူပြီး အသေးစိတ်မွမ်းမံပြင်ဆင်ထားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ပျဉ်းမနားမြို့နယ် အထက(၂)၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးအခမ်းအနားကျင်းပ ဒုတိယဝန်ကြီး ဦးရဲတင့် တက်ရောက်အားပေး

**နေပြည်တော် စက်တင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။



ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် လူငယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်ပညာ၊ အသိပညာပြည့်ဝသည့် လူငယ်များလိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် “တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”နှင့် “နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”ဆိုသည့် ဦးတည်ချက်နှစ်ရပ်ပါဝင်ကြောင်း၊ ပညာပြည့်စုံပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် လူငယ်များဖြစ်အောင် မိဘ၊ ဆရာ၊ ဆရာမများက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြစေလိုကြောင်း။

ထို့ကြောင့် လူငယ်များသည် ငယ်စဉ်အခါ ပညာရှာရာတွင် အတန်းအောင် စာတတ်ရုံသာမက တစ်ဦးချင်းစီ၏ ပင်ကိုအရည်အသွေးများ၊ ကိုယ်ရည်ကိုယ်သွေးများပြည့်ဝအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာပြည့်ဝရုံသာမက ကျန်းမာသန်စွမ်းကြရန်၊ အကျင့်စာရိတ္တကောင်းမွန်ကြရန်၊ မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းသင်းဆက်ဆံတတ်ရန် စသည့်အရည်အချင်းများလည်း ပြည့်ဝရန်လိုကြောင်း၊ အနာဂတ်နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရမည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်အောင် ကြိုးစားသင်ယူလေ့လာကျင့်ကြံသွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူမြင့်က လက်ခံရယူသည်။

ဆက်လက်၍ စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)က ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့် လူငယ်အသိပညာပေးဟောပြောသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ ဖျော်ဖြေရေးတီးဝိုင်းအဖွဲ့က ဖျော်ဖြေရေး အစီအစဉ်များဖြင့် တင်ဆက်ကြသည်။

ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အထင်ကရနေရာများကို ကျောင်းသားကျောင်းသူ လူငယ်များ ဗဟုသုတရရှိစေရန် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြဘုတ်များ ခင်းကျင်းပြသခြင်း၊ ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အသိပညာပေး စာအုပ်စာစောင်များဖတ်ရှုနိုင်ရန် လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)က ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်းနှင့် မြားပစ်ပြိုင်ပွဲ၊ စက်ပန်းလှည့်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ ကျင်းပပေးခြင်းစသည့် ပျော်ရွှင်ဖွယ် Game များကစား၍ အနိုင်ရရှိသူအား အမျိုးသားစာပေဆုရှင် ဆရာစိုးတင့်(ရောဝတီ)မိသားစုက လှူဒါန်းသော ဘောပင်နှင့် စာအုပ်များ ချီးမြှင့်ပေးအပ်ရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ရွှေပင်လယ်(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

၂၀၂၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင်မှ တာဝန်ရှိသူများ၊ ပညာရှင်အဖွဲ့များမှ ပညာရှင် ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "စေတနာပန်းတို့လန်းရာမြေ" သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက ပညာရေးဝန်ကြီးဌာန



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွှန့်ဖေက အီရန်နိုင်ငံ တီဟီရန်မြို့၌ ကမ္ဘာ့နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ ဦးဆောင်တက်ရောက်သည့် ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ ၁၂ ရက်ကြာ ကျင်းပခဲ့သည့် ကမ္ဘာ့ စာတတ်မြောက်ရေး ကွန်ဂရက်မှ နှစ်စဉ် စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ (International Literacy Day)အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၆၆ ခုနှစ်မှ စတင်ကာ ယူနက်စကိုအဖွဲ့က ဦးဆောင်လျက် စာတတ်မြောက်ရေးနေ့ အခမ်းအနားများကို ကျင်းပခဲ့ကြကြောင်း၊ နိုင်ငံသူ နိုင်ငံသားတိုင်းကို စာမတတ်သူများအဖြစ်မှ ကင်းလွတ်၍ စာတတ်မြောက်လာအောင် တွန်းအားတစ်ရပ်အဖြစ် လုပ်ဆောင်သည့် နေ့တစ်နေ့လည်း ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ် လူမှုရေးကဏ္ဍတွင် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"ဟူသော ဦးတည်ချက်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးတွင် လူတိုင်းပါဝင်သင်ကြားနိုင်အောင် ကျောင်းသင်ပညာရေး (Formal Education)နှင့်အတူ ကျောင်းပြင်ပ ပညာရေး(Non-Formal Education)တို့ဖြင့်ပါ သင်ကြားနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

ကျောင်းပြင်ပ ပညာရေးဆိုသည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်တွင် မူလတန်းပညာကို ပြီးဆုံးအောင် မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ဖူးသူများနှင့် စာမတတ်သူများအတွက် အသက်အုပ်စုများ ခွဲခြားသတ်မှတ်ပြီး စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေး အစီအစဉ်ဖြင့် သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆိုပါ စဉ်ဆက်ပညာရေးအစီအစဉ်၌ပါဝင်သည့် တန်းညှိပညာရေးအစီအစဉ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေး အစီအစဉ်နှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ်များကို သင်ကြားပေးပြီးနောက် လုပ်ငန်းခွင်များသို့ ချိတ်ဆက်ပို့ဆောင်ခြင်း၊ ကျောင်းသင်ပညာရေးဖြစ်သည့် အခြေခံပညာရေးသို့ အတန်းကူးပြောင်း၍ တက်ရောက်စေခြင်းတို့ကို ဖော်ဆောင်ရန် ဖြစ်ပါကြောင်း။

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် **"Promoting literacy for a world in transition: Building the foundation for sustainable and peaceful societies"** ကို မြန်မာမှုပြုထားသည့် **"တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်းကမ္ဘာကြီးသို့ ကူးပြောင်းဖို့ စာတတ်မြောက်ရေး မြှင့်တင်စို့"** ဆောင်ပုဒ်အတိုင်း စာတတ်မြောက်ခြင်းသည် တစ်ဦးချင်းစီ၏ အကျိုးကျေးဇူးများ ရရှိရုံသာမက မိမိတို့၏ ဒေသတွင်း နိုင်ငံတွင်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေရန် စွမ်းဆောင်ပေးကြောင်းကို ယူနက်စကို၏ Concept note ထုတ်ပြန်ချက်တွင် ဖော်ပြထားပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့်အတိုင်း ကျေးလက်ဒေသများနှင့် အစွန်အဖျားဒေသများပါမကျန် ကျောင်းသင်ပညာရေး နည်းလမ်းများအပြင် ကျောင်းပြင်ပ ပညာရေးနည်းလမ်းများဖြင့် "ပြည်သူများအတွက်"အတန်းပညာ တတ်မြောက်ရေး၊ စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် တန်းညှိပညာရေးအစီအစဉ်များ ပါဝင်သော ကျောင်းပြင်ပ မူလတန်းပညာရေး၊ ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ်များနှင့် ဘဝတစ်သက်တာ သင်ယူမှုများ ရရှိနိုင်အောင် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စေတနာရှင်အလှူရှင်များ၏ ပါဝင်မှုတို့ဖြင့် လူတိုင်းအတွက် ပညာရေးကို ဝိုင်းဝန်း ဖော်ဆောင်ပေးရင်း **"တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်းကမ္ဘာကြီးသို့ ကူးပြောင်းဖို့ စာတတ်မြောက်ရေး မြှင့်တင်စို့"** ဆောင်ပုဒ်အတိုင်း လူတိုင်းစာတတ်မြောက်ရေးအတွက် ပူးပေါင်းပါဝင်လုပ်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ကိုယ်စား ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ဖတ်ကြားပြီး စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု Video Clip ကို ပြသသည်။

ထို့နောက် နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "တို့အင် တို့အား"သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အခမ်းအနားတွင် သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စု ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "စေတနာပန်းတို့ လန်းရာမြေ" တေးသီချင်းဖြင့် အခမ်းအနားကို ဂုဏ်ပြုသီဆိုပြီး ဖွင့်လှစ်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာတတ်မြောက်ရေးနေ့သည် စာမတတ်သူများကို



အခြေခံစာတတ်မြောက်ရေးမှ လုပ်ငန်းအကျိုးပြုစာတတ်မြောက်မှုရရှိ၊ ရောက်ရှိလာအောင် လှုံ့ဆော်ဆောင်ကြဉ်းပေးခြင်း ဖြစ်ပါကြောင်း၊ စာမတတ်သည့်ကမ္ဘာမှ စာတတ်သည့်ကမ္ဘာသို့ တက်လှမ်းပြောင်းလဲပေးခြင်းလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၊ မိမိပတ်ဝန်းကျင်တွင် စာမတတ်သူများအားလုံးကို စာပေတတ်မြောက်အောင် ကူညီပေးခြင်းဖြင့် တစ်မျိုးသားလုံး စာတတ်မြောက်လာရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို နေပြည်တော်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်က ဖတ်ကြားသည်။

ထို့နောက် စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု Video Clip ပြသပြီး ပျဉ်းမနားမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "တို့အင် တို့အား" တေးသရုပ်ဖော်ဖြင့် တင်ဆက်ဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်သော ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် ပျဉ်းမနားမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေချီးမြှင့်ပြီး ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းအတွက် ရန်ပုံငွေများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က လက်ခံရယူကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြား

**နေပြည်တော် စက်တင်ဘာ ၈**

သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများ အနေဖြင့်ကျေးလက်လမ်း၊တံတားများ၊ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ဘဏ္ဍာရေးနှစ် အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၆၃၈၈၉ ရွာ၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း အရှည်မိုင် ၃၅၈၉၀ တာဝန်ယူတည်ဆောက်ထိန်းသိမ်းလျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် လမ်းမိုင်ပေါင်း ၁၈၆ မိုင်၊ တံတားအစင်းရေ ၁၄၀၊ တိုင်းဒေသကြီး/ပြည်နယ် ရန်ပုံငွေဖြင့် လမ်းမိုင်ပေါင်း ၉၀၀၊ တံတားအစင်းရေပေါင်း ၈၈၃ စင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်း၊ တံတား လုပ်ငန်းများအား အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို အရည်အသွေးပြည့်မီစွာ မြန်မြန်ဆန်ဆန် တည်ဆောက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများကို များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းလုပ်ငန်း ဆောင်ရွက် ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးများက မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျေးလက်လမ်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမြင့်စိုးက ကျေးလက်လမ်း လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ သုံးသပ်ဆွေးနွေးတင်ပြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၏ တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးတင်ပြပြီး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဦးစီးဌာနအချင်းချင်း ပေါင်းစပ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၈)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၂)တို့၏ သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၈)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၂)တို့၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။





ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းနှင့် အဆင့်မြင့်အရာထမ်းသင်တန်းများကို နိုင်ငံတော်၏ မူဝါဒလုပ်ငန်းစဉ်များကို ကောင်းစွာသိရှိနားလည်သဘောပေါက်စေရန်၊ နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားအတွင်း သိရှိနားလည်ထားသင့်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတများကို နားလည်စေရန်၊ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲတတ်စေရန်၊ စီမံခန့်ခွဲရေးဆိုင်ရာ ဆန်းသစ်သော ခေတ်မီအတွေးအခေါ်အယူအဆသစ်များကို လေ့လာသိရှိစေရန်နှင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်၏ အဆင့်မြင့် တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည့် အနာဂတ် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ပျိုးထောင်လေ့ကျင့်ပေးရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆင့်မြင့်အရာရှိကြီးများအနေဖြင့် မိမိတို့ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ရုံသာမက စေတနာကောင်းများဖြင့် ဆောင်ရွက်ကြရန်နှင့် အနာဂတ်တွင် ဝန်ထမ်းအဖွဲ့အစည်းများ၏ ခေါင်းဆောင်ကောင်းများ ဖြစ်လာအောင် ကြိုးစားအားထုတ်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၈)သို့ သင်တန်းသား ၁၄ ဦး၊ သင်တန်းသူ ခြောက်ဦး စုစုပေါင်း ၂၀ နှင့် အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ်(၂၂)သို့ သင်တန်းသား ၂၀၊ သင်တန်းသူ ၁၆ ဦး စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁၇ ရက်မှ စက်တင်ဘာ ၈ ရက်အထိ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၀၆)၊ ပုပ္ပါးဆောင်ရှိ သင်တန်းသူများနှင့် အတူ သင်တန်းစားရိပ်သာ၌ နေ့လယ်စာ အတူတကွ စားသုံးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လွိုင်လင်မြို့၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်နည်းသင်တန်းဖွင့်

**လွိုင်လင် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် မိုက်ဟုန်းကျေးရွာဓမ္မာရုံ၌ ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်းဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်လင်းဇော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးလင်းထင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သင်တန်းသုံးပစ္စည်းများအား သင်တန်းသားများထံ ပေးအပ်ကြသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၆ ရက်အထိ သင်တန်းသား ၁၅ ဦးအား တစ်လကြာ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကွတ်ခိုင်မြို့၌ အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်)ပြိုင်ပွဲ ကျင်းပ



**ကွတ်ခိုင် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်တွင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက မြို့နယ်ပြည်ထောင်စုခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ဗျူဟာအဖွဲ့(အခြေချ) ကွတ်ခိုင်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းအောင်စိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းအောင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အထက(၁)မှ ကျောင်းသား ကျောင်းသူများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်"တေးသီချင်း၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ခဲ့ကြရာ အဆို၊ အက၊ အရေး၊ အတီးဘာသာရပ်များတွင် အဆင့်လိုက်ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှိုင်မင်းစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးညွန့်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ရှေးဦးပြုစုခြင်းဆိုင်ရာ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ




**နေပြည်တော် စက်တင်ဘာ ၈**

၂၀၂၃ ခုနှစ်ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်းဆိုင်ရာပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ နီးနွယ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အချိန်ပြည့်နှင့် အချိန်ပိုင်း အလုပ်အမှုဆောင်များ၊ ကြက်ခြေနီဗဟိုကောင်စီဝင်များ၊ အထွေထွေအတွင်းရေးမှူး၊ ဒုတိယအထွေထွေအတွင်းရေးမှူးနှင့် ဝန်ထမ်းများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့် မိတ်ဖက်အမျိုးသား ကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ထူးချွန်ဆုရရှိသူများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုနှစ်တွင် အောင်မြင်မှုများ ရခဲ့ကြသည့် ကြက်ခြေနီ စေတနာလုပ်အားရှင်များ အနေဖြင့်လည်း နောင်နှစ်များတွင် ယခုကဲ့သို့ အောင်မြင်မှုများ ဆက်လက်ရရှိအောင် ကြိုးစားသွားကြရမည်ဖြစ်သကဲ့သို့ ထိခိုက်ဒဏ်ရာရရှိသူများကိုထိရောက်ကျွမ်းကျင်စွာ ပြုစုပေးနိုင်ရန်အတွက် အမြဲကြိုတင်လေ့ကျင့်ပြင်ဆင်ထားခြင်းဖြင့် နိုင်ငံတော်၏လူမှုကရုဏာလုပ်ငန်းများတွင် အတူလက်တွဲ ကူညီဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သည့် ပြည်သူလူထုအတွက် ကြက်ခြေနီအသင်းအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် တစ်ဖက်တစ်လမ်းက ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရှေးဦးပြုစုခြင်းဆိုင်ရာ လှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ၂၀၂၃ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ထူးချွန်ဆုများကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ရှေးဦးပြုစုခြင်းအကြိမ်ရေ အများဆုံး ကူညီဆောင်ရွက်ပေးနိုင်သည့် မြို့နယ် ကြက်ခြေနီအသင်းခွဲဆုများကို ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ခင်းကျင်းပြသထားသော အထိမ်းအမှတ်ပြခန်းငယ်ကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားအစီအစဉ်များကို ဆက်လက်ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Head of Delegation Ms.Nadia Khoury နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Deputy Health Coordinator Ms. Rose Caroline OCHIENG တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ဆောင်းပါး (မြန်မာ၊ အင်္ဂလိပ်)၊ ကဗျာ၊ ဉာဏ်စမ်းပြိုင်ပွဲ ဆုရရှိသူများ၊ ရှေးဦးပြုစုခြင်း သင်တန်း အကြိမ်ရေအများဆုံး ဖွင့်လှစ်နိုင်သည့် မြို့နယ်ကြက်ခြေနီအသင်းခွဲများနှင့် ရှေးဦးပြုစုခြင်းဖြင့် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ခဲ့သူများကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကမ္ဘာ့နိုင်ငံများတွင် နှစ်တစ်နှစ်၏ စက်တင်ဘာ ဒုတိယပတ် စနေနေ့ကို ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများကို နိုင်ငံတိုင်းတွင် နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဆောင်ပုဒ်မှာ “FIRST AID IN THE DIGITAL WORLD” “ဒစ်ဂျစ်တယ်ကမ္ဘာထဲက ရှေးဦးပြုစုနည်းပညာ” ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
World First Aid Day
၂၀၂၃ခုနှစ်၊ စက်တင်ဘာလ(၉)ရက်။
“ဒစ်ဂျစ်တယ်ကမ္ဘာထဲက ရှေးဦးပြုစုနည်းပညာ”
First Aid in the Digital World

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၃၇၆ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၇-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၇၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍ အသင့်ပြောင်းဆီများ
စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တပ်ကုန်းနှင့်ရမည်းသင်းမြို့နယ်ရှိ တောင်သူစိုက်ခင်းများနှင့် ဌာနပိုင်သုတေသနခြံများသို့ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က တပ်ကုန်းမြို့နယ် ညောင်ငါးပင်ရွာရှိ တောင်သူဦးဇော်မိုး၏ ဆင်းရွှေကြာ-၂ နေကြာမျိုးသန့် မျိုးစေ့ထုတ်စိုက်ကွင်းသို့ ရောက်ရှိကြပြီး အစေ့အဆန်ပြည့်ဖြိုးသည့် နေကြာပွင့်များကို ကြည့်ရှုစစ်ဆေးကာ နောက်ရာသီတွင် မျိုးပွားစိုက်ပျိုးနိုင်ရေး ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မိုးချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်း တစ်ဧကပိဿာ ၇၀၀ ထွက်ရှိရေး စံပြကွက် ၁၀ ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဝါစိုက်တောင်သူများ တွက်ခြေကိုက်စေမည့် အထွက်နှုန်းနှင့် ဝါဂွမ်းအရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သောနည်းပညာနှင့်အကူအညီများကို ဌာနဆိုင်ရာများက ကူညီပံ့ပိုးပေးလျက် ရှိသကဲ့သို့ ဝါမျိုးကောင်းမျိုးသန့်များ ဖူလုံစွာအသုံးပြုနိုင်ရန် ဝါမျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းများတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းလုပ်ဆောင်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ်ရှိ စီပင်စိုက်ပျိုးရေးသုတေသနခြံရှိ ဆင်းရွှေကြာ-၂ နေကြာ မျိုးသန့်မျိုးစေ့ထုတ် ဧက ၈၀ စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထုတ်လုပ်မှုနှင့် ဆီအထွက်နှုန်းတွင် အလားအလာကောင်းသည့် ဆင်းရွှေကြာ-၂ နေကြာမျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မျိုးစေ့ထုတ်ဇုန်များ သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ် သာစည်ကျေးရွာရှိ ရွှေဒါး မျိုးသန့်ခြံ၌ ဝါမျိုးသစ် ရှစ်မျိုးစမ်းသပ်စိုက်ပျိုးထားရှိမှုနှင့် အပင်ဖြစ်ထွန်းမှု၊ ဝါဂွမ်းမွေးအရည်အသွေးနှင့် ဝါဂွမ်းချည်မျှင်ပမာဏတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မြန်မာ့လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် အားကစားအဖွဲ့များကို တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင်အားကစားအဖွဲ့များကို ယနေ့ နံနက်၉နာရီတွင်နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အနာဂတ် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ဆောင်ရွက်ရာတွင် နည်းပြဆရာများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ အနာဂတ်တွင် ထူးချွန်သည့်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်အတွက် နေပြည်တော်တွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်းကို ဖွင့်လှစ်ပြီး လူငယ်အားကစားသမားများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ မိမိဝါသနာပါသည့် အားကစားနည်းကို ရွေးချယ်၍ လေ့ကျင့်ယှဉ်ပြိုင်သွားကြရန်လိုကြောင်း၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ရည်မှန်းချက်ရှိမှသာ အောင်မြင်မှု ဆုတံဆိပ်များ ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ယခင်နှစ်များထက် အောင်မြင်မှုဆုတံဆိပ်များ ပိုမိုရရှိစေရန် အစွမ်းကုန်ကြိုးစားလေ့ကျင့်သွားကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Friendship Power Co.,Ltd. မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း မြက်ခင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးစေရေး၊ မြက်ခင်း ရေရှည်ကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# EV ဘက်ထရီ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

EV ဘက်ထရီ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ ဆပ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃)ကို ယနေ့တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အော်တိုမိုးတစ်(ဖ)အသင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




အစည်းအဝေးတွင် ဒုတိယဝန်ကြီးက EV ဘက်ထရီများကို စနစ်တကျ သုံးစွဲနိုင်ရေး၊ စွန့်ပစ်ပစ္စည်းများမှ ပြည်သူ့ကျန်းမာရေးနှင့် နိုင်ငံ့ရေမြေသဘာဝ ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးထိခိုက်မှုများ လျှော့ချနိုင်ရေးအတွက်လည်းကောင်း၊ EV ဘက်ထရီ ထုတ်လုပ်ရေးဆိုင်ရာ သယံဇာတရင်းမြစ်များသည် အကန့်အသတ်ရှိသဖြင့် အချိန်မတိုင်မီ စွန့်ပစ်ခြင်းမှ ကြိုတင်ကာကွယ်မှု၊ ပထမသက်တမ်းအတွက် အသုံးပြုပြီးသား ဘက်ထရီဆဲလ်များကို ဒုတိယသက်တမ်းအတွက် ပြန်လည်အသုံးပြုခြင်း၊ ဘက်ထရီများရှိ အဖိုးတန်ကုန်ကြမ်းများကို ပြန်လည်ထိန်းသိမ်းအသုံးချခြင်း၊ စွမ်းအင်အတွက် ပြန်လည်ရယူထားသော ဘက်ထရီပစ္စည်းများကို အသုံးပြုခြင်း၊ ဘက်ထရီများရှိ အဖိုးတန်ပစ္စည်းများ လုံးဝကုန်ဆုံးချိန်မှသာ စွန့်ပစ်ခြင်းတို့အတွက် လုပ်ငန်းစဉ်များအလိုက် စည်းမျဉ်းစည်းကမ်းနှင့် လိုက်နာရမည့်အချက်များ (မူကြမ်း)များကိုလည်းကောင်း၊ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီထံ တင်ပြဆောင်ရွက်သွားရန်ရှိပါကြောင်း၊ EV ဆိုင်ရာ စံချိန်စံညွှန်း ၁၈ ခုတို့ကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး EV ဘက်ထရီအတွက်ခြောက်ခု ပါဝင်ကြောင်း၊ EV ဘက်ထရီ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ သုတေသန၊ နည်းပညာနှင့် HR ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ EV သုံးစွဲသူ ပြည်သူများ၏ လက်ဝယ်အရောက် ဘက်ထရီသက်တမ်းကြာရှည်ခံစွာ သုံးစွဲမှုဆိုင်ရာများ၊ ဘေးကင်းစွာထိန်းသိမ်းမှုနှင့် စွန့်ပစ်မှုဆိုင်ရာလုပ်ငန်းစဉ်များ၊ အသိပညာဖြန့်ဝေပေးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံကြီး(ခုတင်- ၁၀၀၀)၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အတွဲ(၃၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အတွဲ(၃၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ်၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ အငြိမ်းစားဆေးဝန်ထမ်းညွှန်ကြားရေးမှူးများ၊ တပ်မတော်ဆေးရုံ/ ဆေးတပ်များမှ တပ်မှူးများ၊ အငြိမ်းစားတပ်မှူးများ၊ အငြိမ်းစားပါမောက္ခဆရာကြီး/ဆရာမကြီးများ၊ တပ်မတော် ဆေးတက္ကသိုလ်မှ



ပါမောက္ခ/ ဌာနမှူးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထိုသို့ ပထမဆုံး ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ၁၉၉၅ ခုနှစ်တွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ဗြိတိန်နိုင်ငံမှ ကျောက်ကပ်ခွဲစိတ်ကုသမှုအဖွဲ့နှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါမောက္ခဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ ဆရာဝန်ကြီးများ ဦးဆောင်ပြီး လူနာငါးတွဲကို ပထမဆုံးအနေဖြင့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း စင်ကာပူနိုင်ငံမှ ပါမောက္ခဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါမောက္ခ ဆရာဝန်ကြီးများ ပူးပေါင်း၍ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် လူနာအတွဲစုစုပေါင်း ၁၉ တွဲကို ခွဲစိတ်အောင်မြင်ခဲ့ကြောင်း သိရသည်။

**အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့**

ဆေးဝန်ထမ်းတပ်ဖွဲ့အတွင်း ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌သာ ပြုလုပ်ခဲ့ရာမှ ၂၀၁၁ ခုနှစ်မှစတင်၍ တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၌လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှစတင်၍ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌လည်းကောင်း၊ ၂၀၂၂ ခုနှစ်မှစတင်၍ တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၌လည်းကောင်း ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ၁၉၉၅ ခုနှစ်မှ ယနေ့ထိ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုပေါင်း အတွဲ ၃၀၀ ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ယခုအချိန်ထိ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုပေါင်း ၄၃၅ တွဲကို အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရုပ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသူများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ရယူထားသူ ဦးဖြိုးသီဟ (ပီတိအိမ်စာပေ)၏ Facebook Page တွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကိုသော်လည်းကောင်း ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခဲ့သည့်အတွက် ၎င်းအားထုတ်ပေးထားသည့် ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်းနှင့် ၎င်းစာပေအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်ဝေဆောင်ရွက်ခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ဆရာမော်ရီ၏ ဘဝသင်ခန်းစာများ | အောင်သူရကျော် | ဦးစိုင်းဇော်သက်၊ Country Road စာပေ |
| ၂။ | I'm OK | Tiffa | ဦးမျိုးသူစိုး၊ ခေတ်စာအုပ်တိုက် |
| ၃။ | စွန့်လွှတ်ခြင်းဖြင့် အောင်မြင်ခြင်း | Min Khant | ဦးမျိုးသူစိုး၊ ခေတ်စာအုပ်တိုက် |
| ၄။ | တူသော ဝတ္ထုတိုများ | မင်းသိခ် | ဒေါ်သန်းနုအောင်၊ ဘုမ္မာဝတီစာပေ |
| ၅။ | မြန်မာတို့ရဲ့ဖုန်းရွှေ အကျိုးစီးပွားဖြစ်ထွန်းစေသော အိမ်ဆောက်၊ မြေရွေး၊ အိမ်တက်မင်္ဂလာပြုလုပ်နည်းပညာ | ဝင်းဇော်(သစ်တော) | ဦးဝင်းဇော်၊ မရမ်းတလင်းစာပေ |
| ၆။ | မြို့ပြဆိုင်ရာ အိမ်ရှင်အိမ်ငှား မှုခင်းပြဿနာများ | ဦးသိန်းကိုကို(ပြည်နယ်တရားလွှတ်တော်တရားသူကြီး) | ဒေါ်စမ်းစမ်းဝင်း မနောဖြူစာပေ |
| ၇။ | မြေယာမှုခင်းပြဿနာများ၊ ကျူးကျော်သူအားဖယ်ရှားလိုမှု မြေလက်ရောက်ရယူလိုမှုများ | ဦးသိန်းကိုကို(ပြည်နယ်တရားလွှတ်တော်တရားသူကြီး) | ဒေါ်စမ်းစမ်းဝင်း မနောဖြူစာပေ |
| ၈။ | ကာလစည်းကမ်းသတ်အက်ဥပဒေ သိကောင်းစရာ | ဦးသိန်းကိုကို(ပြည်နယ်တရားလွှတ်တော်တရားသူကြီး) | ဒေါ်စမ်းစမ်းဝင်း မနောဖြူစာပေ |

ပြန်ကြားရေးဝန်ကြီးဌာန



(၅၉)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ တပ်ကုန်းမြို့နယ် ဘုရားတောင်အမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်စိုးနိုင်ထွန်း ဦးစီးသော တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၈ ရက် နံနက် ၇ နာရီက ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာ ရွှေလရောင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ချမ်းသာ(မိတ္ထီလာ)

---



(၅၉)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေါက်ခေါင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုနိုင် ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး မြတ်မင်းသူနှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ပေါက်ခေါင်းမြို့ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## နမ့်စန်၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နမ့်စန် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (နမ့်စန်)၌ ကျင်းပသည်။

ဦးစွာ နမ့်စန်ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ထက်၊ လယ်၊ မူ မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား နမ့်စန်ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းနှင့် ဦးကျော်ဇင်ဌေး၊ နမ့်စန်မြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်လင်းလင်းထိုက်နှင့် အထက(နမ့်စန်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မွန်မွန်မြင့်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အထက(နမ့်စန်)မှ Grade-6၊ Grade-10 နှင့် Grade-11 မှ ကျောင်းသား ကျောင်းသူများက ဝ၊ ထ၊ က၊ လ၊ သ သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကပြခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၉-၂၀၂၃ စနေနေ့

**MRTV HD**

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ပုဗ္ဗဏှသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ပြည်သူ့အကျိုးပြုစေတနာ့ဝန်ထမ်း
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
- **၁၁:၄၅** တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- **၁၂:၃၅** မြန်မာဇာတ်လမ်းတွဲ 'ချွန်တွန်းနှင့် အဖိန့်ဗရအာဝေါင်ဆိုင်' (အပိုင်း-၁၀)
- **၁၃:၃၀** MRTV National News
- **၁၄:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ "လေနှင်ရာခရီး" (အပိုင်း-၁၃)
- **၁၅:၃၀** မျိုးဗုဇ်တင့်စေဆိုကရေးတီးအမွေ
- **၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ်
- **၁၇:၃၀** ရိုက္ခာပြည့်ဖြိုးဝင်ငွေတိုးမှုလုံခြုံလယ်ဝသားငါးကဏ္ဍမှသည်(တဏန်းပျောမွေးမြူရေးဖုန်းဆီ)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ "ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး" (အပိုင်း-၄၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) "ကောင်းလိုက်တဲ့ဒိုက်တင်"
- **၂၁:၄၀** ဟိုးတုန်းကကကြားဇာတ်လမ်းများ "မြည်ချစ်သောကိုရင်ဩ" (ဒုတိယပိုင်း)

**mitv**

- **07:02** Evergreen Classic: Suvanna Sama (Hnin Yee Thant)
- **07:11** Weekly Review
- **07:27** Awesome Myanma Sculptures
- **07:42** Myanmar Designer Studio:Thae Sandy Oo
- **08:01** News
- **08:26** Discovering Tribes: Enn (Their Life and Customs)
- **08:52** Compelling Benefits of Radiation Technology
- **09:01** Quiz Time (Ep-10)
- **10:01** News
- **10:26** Children's Delight: The Ants and the Lazy Grasshopper
- **10:43** Scented Buddha Images
- **10:48** A Precious Gift from Waste

**MRTV NRC**

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** ခန့်ညားရှယ်ဦးမွန်တို့အသွင်ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** ရွှေတံခါးမြို့သို့အလည်တစ်ခေါက်
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၉)
- **ဝ (၁၂:၀၀ မှ ၁၄:၀၀)** ပျော်ရွှင်စရာ 'ဝ' စကားထမင်းဝိုင်း
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ဗိုင်ဝါးရိုးရာဝတ်စားဆင်ယင်ပုံ
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁၃)
- **စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)** စပ်လဲရေတံခွန်သို့အလည်တစ်ခေါက်
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ဆီးချို သွေးချိုရောဂါအကြောင်းသိကောင်းစရာ
- **အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ဝါခေါင်လဖြစ်တည်ရာချည်မြှုပွဲမင်္ဂလာ
- **ချင်း(ကုံ်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)** သဘာဝမြေသြဇာပြုလုပ်နည်း
- **ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** ချင်းအမျိုးသမီးများ၏ပါးရဲထိုးခြင်းဓလေ့

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** ရှေ့သို့ချီမည့်ပန်းတိုင်ဆီ
- **၁၀:၄၅** လူငယ်တို့အတွက်လမ်းပြကြယ်
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၃:၁၅** Bird's Eye View
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
- **၁၀:၃၀** တရားရုံးကဦးဆောင်သည့်ဖြေရှင်းရေးစနစ်
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- **၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၃)

**MRTV FARMERS**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၁၅** နေကြာစိုက်ပါပျားမွေးပါ
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- **၁၈:၀၀** ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်(အပိုင်း-၁)
- **၁၉:၀၀** ကျွန်မသင်ပွန်း၏လျှို့ဝှက်ချက်(အပိုင်း-၁၁)
- **၁၉:၃၀** How to Steer and Bury Pumpkin Vines
- **၁၉:၄၅** Small Farm Rising Family Farm Chores
- **၂၂:၀၀** ကိုးရောင်ခြယ်အနမ်း(ဇာတ်လမ်း)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၇:၄၀** Sports Max
- **၁၆:၃၀** MNL 2022 Match (Replay)
- **၁၈:၀၀** အားကစားသတင်း
- **၁၉:၄၀** Football Highlight

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# မြန်မာနိုင်ငံစာရေးဆရာအသင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသင်းဥက္ကဋ္ဌ/အတွင်းရေးမှူးများနှင့် တွေ့ဆုံဆွေးနွေး



**ရန်ကုန် စက်တင်ဘာ ၈**

မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ဗဟိုအမှုဆောင်ကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ/အတွင်းရေးမှူးများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ပန်းဆိုးတန်းလမ်းရှိအသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)နှင့် ဦးမြတ်စိုး(မြတ်စိုး-လှိုင်)၊ အတွင်းရေးမှူးဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မြို့နယ်အမှုဆောင်ကော်မတီဝင်များ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများက နှုတ်ခွန်းဆက်စကားပြောကြားကြသည်။ ဆက်လက်၍ အသင်းအတွင်းရေးမှူးက စည်းရုံးရေးဆိုင်ရာနှင့် စီမံခန့်ခွဲရေး လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြား၍ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မြောက်ဦးမြို့နယ်၌ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်အိတ် ၅၀၀၀ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**မြောက်ဦး စက်တင်ဘာ ၈**

မြောက်ဦးမြို့နယ်အတွင်း မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို မြောက်ဦးမြို့ အောင်တပ်ရပ်ကွက် မြို့တော်ခန်းမ၌ ယမန်နေ့က ပြုလုပ်သည်။

နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သော ဆန်အိတ် ၅၀၀၀ နှင့် စားသောက်ဖွယ်ရာများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် လေဘေးသင့်ပြည်သူများကိုယ်စား ကျေးရွာအလိုက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံသို့ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်စိုး(ပြန်/ဆက်)**

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဖိုချောင်သုံးအစားအသောက်များနှင့် ဆေးဝါးများ လှူဒါန်း

**မူဆယ် စက်တင်ဘာ ၈**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ခရိုင်/မြို့နယ် မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ မူဆယ်ခရိုင် အမှတ်(၁၂၅) ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် မိသားစုဝင်များစုပေါင်း၍ ငွေကျပ် သိန်း ၂၀၀ ကျော်တန်ဖိုးရှိ မီးဖိုချောင်သုံး အစားအသောက်များနှင့် အဝတ်အထည်များကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ပေးဝေလှူဒါန်းခဲ့ကြသည်။



ထိုသို့ ပေးဝေလှူဒါန်းရာတွင် မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှိုင်ကျော်မြင့်နှင့် ဇနီးတို့က ကြီးမှူးစီစဉ်ဆောင်ရွက်ခဲ့ကြပြီး မီးဖိုချောင်သုံး ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ခေါက်ဆွဲ၊ ကြက်သွန်၊ သီးစုံပဲဟင်းဘူး၊ ငရုတ်သီးကြော်ဘူး၊ ရေသန့်၊ ဆေးဝါးနှင့် အလှူငွေများကို မူဆယ်ခရိုင်ရဲတပ်ဖွဲ့နှင့် မိသားစုဝင်များက ငွေကျပ်သိန်း ၁၀၀ ကျော်၊ မြို့နယ်ရဲစခန်းမှ ငွေကျပ် သိန်း ၂၀ ကျော်၊ မူဆယ်မြို့မရဲစခန်းမှ ငွေကျပ် သိန်း ၆၀ ကျော်နှင့် မူဆယ်ခရိုင် အမှတ် (၁၂၅) ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ငွေကျပ် ၁၇ သိန်းကျော် စုပေါင်း၍ ဆန်တစ်ပြည် အိတ် ၁၀၀၀၊ ရေသန့်ဘူး ၁၂၀၀၊ သီးစုံပဲဟင်းဘူး ၁၂၀၀၊ မာမီးခေါက်ဆွဲ လေးထုပ်ပါအထုပ်ကြီး ၁၀၀၀၊ ကြက်သွန်တစ်ပိဿာအထုပ် ၁၀၀၀၊ ဆီ ၂၅ ကျပ်သားပါဘူး ၁၀၀၀၊ ကြက်ဥ ခြောက်လုံးပါကတ် ၁၀၀၀၊ ငရုတ်သီးကြော်ဘူး ၁၂၀၀၊ အထွေထွေဆေးဝါးဘူး ၁၂၀၀ နှင့် အဝတ်အထည်တို့အပြင် ဒုတိယရဲမှူးကြီးနှင့်ဇနီးက ငွေကျပ်သိန်း ၃၀ ကျော်တို့အား ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သုံးခွမြို့နယ်ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်သန်း ဦးဆောင်၍ စုပေါင်းလုပ်အားပေး ဆောင်ရွက်စဉ်။ ကျော်ဆန်းမြင့်

## နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအား ဆန်များရောင်းချပေး

**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် မြန်မာနိုင်ငံဆန်ကုန်သည်များအသင်း၏ စီစဉ်မှုဖြင့် အရည်အသွေးမီဆန်များကို ယနေ့ မွန်းလွဲပိုင်းက ရောင်းချပေးသည်။

အဆိုပါ ဆန်များရောင်းချရာတွင် ပေါ်ဆန်း 10 kg တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀ နှုန်း၊ ဧည့်မထ 10 kg တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀ နှုန်း၊ မနောသုခဆန် 12 kg တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀ နှုန်းဖြင့် စုစုပေါင်း ဆန်အိတ်ရေ ၅၀၀ ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ရောင်းချပေးသကဲ့သို့ အခြားဝန်ကြီးဌာနများရှိ ဝန်ထမ်းများအတွက်လည်း ဆက်လက်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေလိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Aung Than Sein” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၂၄)ရပ်ကွက်နေ အေးရွှေ(ခ) အောင်သန်းစိန်အား နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Han Win Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ဘားအံမြို့နယ် တောင်ကလေးကျေးရွာနေ ဟန်ဝင်းအောင်အား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■



## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် လူငယ်သီတင်းပတ်ပွဲတော် တက်ရောက်

ရန်ကုန် စက်တင်ဘာ ၈

သန်လျင်မြို့နယ်ရှိရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ လူငယ်သီတင်းပတ်ပွဲတော်ကို ယနေ့ဆက်လက်ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် တာဝန်ရှိသူများ၊ သန်လျင်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရာက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအဖွဲ့သည် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရွှေလျားမော်တော်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးနေမှုနှင့် ဓာတ်ပုံ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲကို ကြည့်ရှုခဲ့ကြသည်။

ထို့နောက် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ အားကစားနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ သရုပ်ပြပွဲနှင့် အားကစားပစ္စည်းများ လှူဒါန်းပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဘော်ဂါသွေး

## မအူပင်တက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၏ လူငယ်သီတင်းပတ်အခမ်းအနား ကျင်းပ

မအူပင် စက်တင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်တက္ကသိုလ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၏ လူငယ်သီတင်းပတ်ပွဲတော်အခမ်းအနားများကို စက်တင်ဘာ ၅ ရက်မှစတင်ကာ စက်တင်ဘာ ၇ ရက်အထိ မအူပင်တက္ကသိုလ် မိုးလုံလေလုံ အားကစားခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မအူပင်တက္ကသိုလ်ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာနီနီဦးက လူငယ်သီတင်းပတ်ပွဲတော်ကျင်းပရခြင်းများကို ပြောကြားသည်။ ယင်းနောက်ကျောင်းသား ကျောင်းသူများက လူငယ်ပန်းတိုင်လှမ်းကိုင်နိုင်ဖို့ရာ ခေါင်းစဉ်ဖြင့် မြန်မာ့ရိုးရာ အစဉ်အလာမပျက် ကျန်းမာပျော်ရွှင်ဂီတသဘင်တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

စက်တင်ဘာ ၇ ရက် ညပိုင်းတွင် ဧရာဝတီအဆောင်နှင့် ပုလဲအဆောင်နေ ကျောင်းသားကျောင်းသူများ၏ လက်ရည်တပြင်တည်းစုပေါင်းမိတ်ဆုံညစာစားပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကျင်းပရာ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ မအူပင်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာရွှေဝါနှင့်ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## စစ်တွေတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

စစ်တွေ စက်တင်ဘာ ၈

နိုင်ငံတော် အစိုးရအနေဖြင့် လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ကျင်းပဆောင်ရွက်လျက်ရှိရာ စစ်တွေတက္ကသိုလ်အနေဖြင့် ကာယဗလ ဖွံ့ဖြိုးရေးအတွက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် စစ်တွေတက္ကသိုလ်နှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူး၍ စစ်တွေတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ညေဝတီအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အင်္ဂလိပ်စာဌာနအသင်းနှင့် ဓာတုဗေဒဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဓာတုဗေဒဌာနအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ချစ်ကြည်ရေးအဖြစ် ကစားခဲ့ကြသည့် စစ်တွေတက္ကသိုလ်ဆရာများအသင်းနှင့် ဝန်ထမ်းများ အသင်းအား စစ်တွေတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်က လည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုအား ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်သူဇော်ကလည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုကို ပြည်နယ်လူမှုရေးရာ ဝန်ကြီး ဦးစောနိုင်က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။



ဆက်လက်၍ တတိယဆုရရှိသော ဥပဒေပညာဌာနအသင်းအား ပြည်နယ်စီးပွားရေးရာ ဝန်ကြီး ဦးစံရွှေမောင်က လည်ဆွဲဆုတံဆိပ်နှင့် ဆုငွေကိုလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက ဒုတိယဆုရရှိသော အင်္ဂလိပ်စာဌာနအသင်းအား လည်ဆွဲဆုတံဆိပ်နှင့် ဆုငွေကို လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ပထမဆုရရှိသော ဓာတုဗေဒဌာနအသင်းအား လည်ဆွဲဆုတံဆိပ်၊ ဆုငွေနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။ အလားတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပထမဆုရရှိသော အသင်းအား ဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆုရရှိသော အသင်းအား ဆုငွေကျပ်နှစ်သိန်းနှင့် တတိယဆုရရှိသော အသင်းအား ဆုငွေကျပ်တစ်သိန်းစီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ လူငယ်များဦးဆောင်သည့် လူမှုစီးပွားတည်တံ့ရေး တီထွင်ဖန်တီးမှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေ)တွင် လူငယ်သီတင်းပတ် လှုပ်ရှားမှုအဖြစ် "လူငယ်များဦးဆောင်သည့် လူမှုစီးပွားတည်တံ့ရေး တီထွင်ဖန်တီးမှု" အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ) ပင်မဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်သီတာငြိမ်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲပထမပိုင်းအဖြစ် ဂျာမနီမှ ပြန်လာသည့် Exchange Students များက Social Innovation Project နှင့်ပတ်သက်သည့် အသိပညာဗဟုသုတများကို မျှဝေကြသည်။ ဒုတိယပိုင်းအနေဖြင့် Young Entrepreneurs များက ဦးဆောင်၍ Innovation for Sustainability ခေါင်းစဉ်ဖြင့် ပြောကြားကာ ကျောင်းသား ကျောင်းသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





## ပြည်တက္ကသိုလ်၏ လူငယ်သီတင်းပတ်အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီး

ပြည် စက်တင်ဘာ ၈

ပြည်တက္ကသိုလ်တွင် စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သော ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်သီတင်းပတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးမြောက်၍ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ဦးစွာ အခမ်းအနားပိတ်သိမ်းပွဲမကျင်းပမီ ယင်းတက္ကသိုလ် ဘက်စုံသုံးခန်းမရှေ့၌ ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူလေးများအဖွဲ့က Fitness Dance အကဖြင့် ကိုယ်လက်လှုပ်ရှားအားကစား သရုပ်ပြလုပ်ဆောင်ကြပြီး ပြည်ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာခင်သူဇာအောင်နှင့် ဒေါက်တာချမ်းသာဇော်တို့က "ဆယ်ကျော်သက်ရွယ်ကျန်းမာရေး" ခေါင်းစဉ်ဖြင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို အသိပညာပေးဟောပြောသည်။

ယင်းနောက် လူငယ်သီတင်းပတ် အခမ်းအနားတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သူများအား ပါမောက္ခချုပ် ဒေါက်တာသက်လွင်က ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်ပေါင်းစုံ လူငယ်သီတင်းပတ်လှုပ်ရှားမှု မြင်ကွင်း


တောင်ငူတက္ကသိုလ်


မုံရွာစီးပွားရေးတက္ကသိုလ်


ဟားခါးတက္ကသိုလ်


တောင်ကြီးတက္ကသိုလ်


ကျောက်ဆည်တက္ကသိုလ်


မန္တလေးတက္ကသိုလ်


ပုသိမ်တက္ကသိုလ်


ဒဂုံတက္ကသိုလ်


မိတ္ထီလာတက္ကသိုလ်


ရန်ကုန်တက္ကသိုလ်


ရတနာပုံတက္ကသိုလ်


ထားဝယ်တက္ကသိုလ်


ပြည်တက္ကသိုလ်

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉)၊ Brilliance Mansion တိုက်အမှတ်(R2)၊ အထပ်အမှတ်(08)၊ အခန်းအမှတ်(09)၊ ဧရိယာအကျယ်အဝန်း(1146 .03)ရှိကွန်ဒိုတိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား Red Roof Investment Development Co.,Ltd ထံမှ ကျွန်ုပ်၏မိတ်ဆွေက ငွေအပြေအကြေပေးချေကာ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေအနေဖြင့် အဆိုပါတိုက်ခန်းအား တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသဖြင့် စံစား ခံစားပိုင်ခွင့်အပြည့်အဝရှိပြီး တဆင့်ပြန်လည်ရောင်းချခွင့်၊ ပေါင်နှံ၊ ငှားရမ်း၊ လှူဒါန်း၊ စွန့်လွှတ်၊ ပေးကမ်းပိုင်ခွင့်ရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**

တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၈၃၃)

အမှတ်–၅၀၊ ပ–ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၇၈၅၅၅၀၂၅၄

## ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-ဒီ-၁)၊ မြေကွက်အမှတ်(V ၂၄၁)၊ အကျယ်အဝန်း(၀.၀၂၉)ဧကရှိမြေကွက်နှင့်မြေကွက်ပေါ်ရှိ အမှတ်(၁၀)၊ ကွင်းကျောင်း(၂)လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်ဟုခေါ်တွင်သောမြေအကျိုးခံစားခွင့်နှင့်မြေညီထပ်(ခေါင်းရင်း) တိုက်ခန်း(၁)ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့်နေအိမ်တိုက်ခန်း(၁)ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်အေးတင်(၇/ပမန(နိုင်)၀၂၈၉၅၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**

တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၈၃၃)

အမှတ်–၅၀၊ ပ–ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၇၈၅၅၅၀၂၅၄

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

၁။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၁၇ (ကုန်းဘောင်အိမ်ရာ)၊ မြေကွက်အမှတ်– ၃၇၊ ဧရိယာ (၀.၁၄၄)ဧက၊ (၇၀'x၉၀') အကျယ်အဝန်းရှိ ဒေါ်ခင်စန်းရီ [၉/မနမ(နိုင်)၀၆၀၇၉၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။

၂။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၁၇ (ကုန်းဘောင်အိမ်ရာ)၊ မြေကွက်အမှတ်–၃၈၊ ဧရိယာ (၀.၁၄၄)ဧက၊ (၇၀'x၉၀') အကျယ်အဝန်းရှိ ဗိုလ်မှူးကြီး ရဲထွန်းဝင်း [၉/မရတ(နိုင်)၀၁၂၄၉၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။

အထက်ဖော်ပြပါမြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးခိုင် [၁၂/ဗဟန(နိုင်)၀၇၇၂၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်လွဲ့လွဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၃၂)**

**အမှတ်–၁၀၈/၁၁၀၊ ၃၈–လမ်း (အောက်)၊ ၆–ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း– ၀၉–၇၉၈၅၉၈၅၅၀၅၊ ၀၉–၄၀၁၅၄၆၂၄၀**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်းနေ ဦးကျားကန်၏သမီး ဒေါ်ရယ်မြင့် [၁/မကန(နိုင်)၁၀၂၀၃၈]၏ နိုင်ငံကူးလက်မှတ် MD 535513 စာအုပ်မှာ ပျောက်ဆုံးသွားပါသည်။

**Ph: 09–250687996**

## မွေးသက္ကရာဇ်အမှန်

သထုံမြို့နယ်၊ ဘူတာလမ်း၊ အောက်ကျင်းရပ်ကွက်နေ (ဘ) ဦးနိုင်ဖိုး၏သမီး ဒေါ်သဲစုလှိုင် [၁၀/သထန (နိုင်) ၁၅၀၀၅၆]၏ မွေးသက္ကရာဇ်အမှန်မှာ (၅–၆–၁၉၈၄) ဖြစ်ပါကြောင်း။

**ဒေါ်သဲစုလှိုင်**

**[၁၀/သထန(နိုင်)၁၅၀၀၅၆]**

## ပျောက်ဆုံးကြောင်း

ဦးအောင်ခိုင်ထွန်း [၁၃/မဆတ(နိုင်)၀၄၆၃၁၃] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (ME–767590)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၄၄၈၄၇၅၈၄**

## ဖခင်အမည်မှန်

လမ်းမတော်မြို့နယ်၊ ICEC (စံ) လသာကိုယ်ပိုင်အထက်တန်းကျောင်း Grade–3 တွင် ပညာသင်ကြားနေသော မအိုင်းမေခြူး၏ ဖခင်အမည်မှန်မှာ ဦးနေလင်းအောင် [၁၄/ပသန(နိုင်)၁၉၁၉၇၇] ဖြစ်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၇–၉–၂၀၂၃ ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၉)ပါ အင်းစိန်မြို့နယ် ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ဒေါ်မိုးခင်အိ(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၁၅၁)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တောတောင်

## ပျက်ပြုန်း

## မြေဆီ

## သုဉ်း၏

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ (၂၉)လမ်း၊ အမှတ်– R-95(အ/၉၅) အကျယ်အဝန်း (၂၅ပေx၆၀ပေ) ရှိ ဗိုလ်ကြီးမြင့်သွင် အမည်ပေါက် စလစ်မြေ အမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရောက်ရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစောဝင်း [၁၃/တကန(နိုင်)၀၁၉၁၄၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးဥမ္မာမျိုး [၁၂/လမတ(နိုင်)၀၃၂၃၆၅] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်တင်တင်ဆွေ (LL.B, D.B.L, D.I.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၁၁၅)**

**အမှတ် (၁၆၃)၊ ပထမထပ်၊ ၃၇–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၃၁၁၁၅၀၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်– ၆၅/ဘီ ဟုခေါ်တွင်သော Kabaraye Executive Residence (KER)၏ ကွန်ဒိုတိုက်ခန်း (8–G), ၈–လွှာ၊ အခန်းအမှတ် (G)၊ အကျယ်အဝန်း (၁၆၃၇.၉၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူ ဒေါ်အေးအေးသွယ် [၁၂/လမန(နိုင်)၁၂၇၁၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြေညာသည့်နေ့မှစ၍ (၇)ရက် (ရက်သတ္တပတ် ၁ ပတ်)အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးထွန်းအောင်ကျော် (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၀၇၈/၂၀၀၂)**

**အမှတ် (၃၃)၊ ပ–ထပ်၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၅၁၁၄၇၀၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ ဦးပိုင်အမှတ်–၁၀/ခ၊ ကွင်း/အကွက်အမှတ်နှင့် အမည်– ၂၅၃–က၊ နိဗ္ဗာန်ကွင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု–ထောင်မှူးချောင်း၊ ဧရိယာ(၃.၆၅)ဧကရှိ အခြားနည်းအသုံးပြုခွင့် ပုံစံ (၁၅) ရရှိထားသည့် လယ်ယာမြေအမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဆန်စက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်အမည်ပေါက်ပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံသူ ဦးအောင်ကျော်လင်း [၁၂/ရကန(ဧည့်)၀၀၀၁၂၉]နှင့် ဦးအောင်ထက်သူ [၁၂/လမတ(နိုင်)၀၃၀၈၁၆] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြေညာသည့်နေ့မှစ၍ (၇)ရက် (ရက်သတ္တပတ် ၁ ပတ်)အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးထွန်းအောင်ကျော် (LL.B, D,B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၀၇၈/၂၀၀၂)**

**အမှတ် (၃၃)၊ ပ–ထပ်၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၅၁၁၄၇၀၈**

## ပြင်ဆင်ဖတ်ရှုပါရန်

၇–၈–၂၀၂၃ ရက်ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၇) ဒေါ်ငွန်ဒီဆန်း၊ တရားလွှတ်တော်ရှေ့နေ၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်းတွင် ဒေါ်ဖြူဖြူဝင်းဆွေ [၁၂/မအရ(နိုင်)၀၀၀၂၁၅]အစား ဒေါ်ဖြူဖြူဝင်းဆွေ [၆/မအရ(နိုင်) ၀၀၀၂၁၅]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ၂–၉–၂၀၂၃ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ–၁၉ တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ထက်ထက်ခိုင်(စဉ်–၁၇၁၁၇/၂၇–၁–၂၀၂၁)နှင့် ဒေါ်အိသန္တာအောင် အထက်တန်းရှေ့နေ (စဉ်–၅၂၀၃/၁၂–၈–၂၀၂၂)တို့၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က–၂)လမ်း၊ အမှတ် (၈၂)နေ ဒေါ်တင်တင်ဆွေ [၁၂/အစန(နိုင်)၁၁၆၉၀၆]၊ ဒေါ်ချိုချိုဦး [၁၂/အစန(နိုင်)၀၀၉၀၃၂]၊ ဒေါ်သန်းသန်းမြင့် [၁၂/အစန(နိုင်)၂၂၀၄၆၀]၊ ဦးကျော်ကျော်မိုး [၁၂/အစန(နိုင်)၂၂၀၈၆၁]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းတို့၏ (၂–၉–၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၁၉)တွင်ပါရှိသော ကြော်ငြာချက်အပေါ် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ)ရပ်ကွက်၊ (က–၂)လမ်း၊ အမှတ် (၈၂)ဟုခေါ်တွင်သော နေအိမ်နှင့်မြေကွက် အကျယ်အဝန်း (အလျား ပေ၄၀xအနံ ပေ၆၀) အကျယ်အဝန်းရှိမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များသည် အခြားအမွေဆိုင် မောင်နှမများနှင့် (၁) ဒေါ်စန်းစန်းလှ [၁၂/အစန(နိုင်)၀၀၈၈၁၆]၊ (၂) ဒေါ်မြင့်မြင့်သန်း [၁၂/အစန(နိုင်) ၀၀၈၇၅၄]၊ (၃) ဦးကျော်စိုးသိန်း၊ [၁၄/ပသန(နိုင်)၀၃၂၀၀၉]၊ (၄) ဒေါ်စန်းလှထွေး [၁၂/အစန(နိုင်)၀၀၈၈၀၁]တို့ တရားဝင် အမွေမခွဲရသော လက်ရှိနေထိုင်ပိုင်ဆိုင်သည့် နေအိမ်နှင့်မြေကွက်ဖြစ်ကြောင်း ကြေညာချက်မှာ မှန်ကန်မှုမရှိပါကြောင်းနှင့် အထက်ပါနေအိမ်ခြံမြေမှာ ဦးတင်လှ(ခ)ဦးကျော်ဝင်း အမည်ပေါက် စလစ်ထွက်ရှိ၍ အကျိုးခံစားခွင့်ရရှိထားကာ နေထိုင်လာခဲ့ပြီး ၎င်း၏ညီမဖြစ်သူ ဒေါ်ဝင်းကြည်အား သက်ဆိုင်ရာကောင်စီ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် လူကြီးများရှေ့၌ စာချုပ်စာတမ်းများဖြင့် ပေးကမ်းခဲ့ပြီး ဒေါ်ဝင်းကြည် ကွယ်လွန်ပြီးနောက် ၎င်း၏အမွေဆက်ခံ သားသမီးများဖြစ်သော ဒေါ်တင်တင်ဆွေ၊ ဒေါ်ချိုချိုဦး၊ ဦးသန်းဇော်(ကွယ်လွန်)၊ ဒေါ်သန်းသန်းမြင့်၊ ဦးကျော်ကျော်မိုးတို့သာလျှင် ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်းနှင့် ဒေါ်စန်းလှထွေး [၁၂/အစန(နိုင်)၀၀၈၈၀၁]အား ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုခဲ့ပါကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မြတ်စုထွေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၀၃၀/၂၉–၁၂–၂၀၁၇)**

**အမှတ် (၈၄)၊ ကာယသုခလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။**

**ဖုန်း–၀၉–၅၁၈၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း (၃)လမ်း၊ တိုက်အမှတ် (၇၉၈)၊ (၄)ထပ်တိုက်၏ ဒုတိယထပ်(ခြေရင်းခန်း) အကျယ်အဝန်း (အလျား ၁၂ ၁/၂ ပေx အနံ ၅၀ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ရေမီတာ၊ မီးမီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နိုင်နိုင်ဌေး [၁၂/စခန(နိုင်)၀၄၈၅၂၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စိမ့်ရီရီတင် [၁၂/စခန(နိုင်)၀၀၁၁၇၂]က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နှင်းဆီ (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၄၄၁)**

**အမှတ် (၁၈၆)၊ ဗဟိုလမ်း၊ ကျွန်း/လယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။**

**ဖုန်း– ၀၉–၇၉၄၄၆၇၁၆၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၁၄–စီ)၊ နှစ်ခန်းတွဲ RC ၈ ထပ်ခွဲ မီနီကွန်ဒိုတိုက်ခန်းမှ (Pent house)၊ ဧရိယာ (၁၀၃၄)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇော်မင်းဦး[၁၂/ပဇတ(နိုင်)၀၂၃၉၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖွေန်တင်ဇာထွန်း [၁၂/သလန(နိုင်)၁၀၈၁၄၀]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖွေန်တင်ဇာထွန်း ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းမင်းစိုး LL.B, WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၆၆၄)**

**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**

**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09–450023651, 09–793568375**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

